မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၀)

မိန့်ခွန်းပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့စစ် မဟာဗျူဟာ

ပြည်သူတို့ရဲ့ ရင်သွေးတွေဖြစ်တဲ့ ရဲဘော်တို့က ပြည်သူကို စောင့်ရှောက်တဲ့ နည်းတူ ပြည်သူကလဲ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်းနဲ့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်း တို့ကို ပြုလုပ်ကြမှာဖြစ်တယ်။ ဒါဟာနိုင်ငံတော်ကဖော်ဆောင်နေတဲ့ပြည်သူ့စစ်မဟာဗျူဟာပဲဖြစ်တယ်။

ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည် ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ကျန်းမာရေးကိုစောင့်ရှောက် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသည့် တပ်မတော်သားဆေးဝန်ထမ်းများဖြစ်အောင်ကြိုးပမ်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင်ပါဝင်ပြီး ပြည်သူ့အကျိုးစီးပွားဖော်ဆောင်

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၅)ရဲ့ သင်တန်းဆင်းပွဲအခမ်းအနားမှာ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ **ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြု ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်**ဖြစ်တယ်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်)

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍအလိုက်ဖော်ဆောင် ပြည်သူများ ပူးပေါင်းပါဝင်၍ ပိုမိုဖွံ့ဖြိုးတိုးတက်

နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ၁၉၈၉ ခုနှစ်မှစတင်ပြီး လမ်း၊ တံတား၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများကို ငွေကျပ်သန်းပေါင်းများစွာသုံးစွဲပြီး အကောင်အထည်ဖော်ပေးခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသဖြင့် လမ်း၊ တံတားများကို ဦးစားပေး ဖောက်လုပ်တည်ဆောက်ပေးခဲ့သည်။ ၁၉၈၈ခုနှစ်တွင် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း မိုင်ပေါင်းနှစ်သောင်းကျော်ရှိရာမှ ယခုဆိုလျှင် ခုနစ်သောင်းကျော်အထိ တိုးချဲ့လာနိုင်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နယ်စပ်ဒေသနှင့် အခြားဒေသများရှိ တိုင်းရင်းသားများအချင်းချင်း ရင်းနှီးချစ်ကြည်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ ပိုမိုတိုးတက်ကာ ဒေသခံတို့၏လူမှုစီးပွားဘဝ မြင့်မားလာလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးထားရာ ကျောင်းသားကျောင်းသူ တစ်သိန်းရှစ်သောင်းကျော် ပညာသင်ကြားလျက်ရှိသည်။ ထို့အပြင် လူငယ်လူရွယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်းကိုလည်း ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

အလားတူ စိုက်ပျိုးရေး၊ စီးပွားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို အားပေးကူညီဖြည့်ဆည်းပေးခဲ့ရာ တိုးတက် ဖြစ်ထွန်းမှုများရရှိနေပြီ ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများအပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်း၌ ခုတင်၂၀၀ဆံ့ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ထားပြီး ဖြစ်သည်။

ယခုကဲ့သို့ နယ်စပ်ဒေသများ၌ လူမှုစီးပွားအခြေခံအဆောက်အအုံများ သိသာစွာပေါ်ထွန်းလာပြီး ဖွံ့ဖြိုးစည်ပင်သာယာ နေခြင်းသည် ဒေသ၏တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားချင်း ရင်းနှီးချစ်ကြည်စည်းလုံးမှု၊ ယုံကြည်ကိုးစားမှုနှင့် အပြန်အလှန် လေးစားမှုတို့ကြောင့်ပင် ဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့် တည်ဆောက် ထူထောင်ပေးလျက်ရှိရာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောင်ဆန်းသူရိယလှသောင်းကျောင်း (ဘော်ဒါ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

အောင်ဆန်းသူရိယလှသောင်းကျောင်း(ဘော်ဒါ)ကျောင်းသားဟောင်းများ (၁၉၆၁–၁၉၇၂)၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အလုံမြို့နယ် ကွင်း ကျောင်းလမ်း ကွင်းကျောင်းပရိယတ္တိစာသင်တိုက် ဓမ္မဗိမာန်တော်၌ ဖေဖော် ဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း(ငြိမ်း) ဖုန်း–၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း–၂၂၉၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း–၀၉–၅၀–၀၀၉၄၁၊ ဦးထင်အောင် ဖုန်း–၀၉–၅၀–၀၀၇၆၃၊ ဦးခင်မောင်ကို ဖုန်း–၆၆၅၅၄၂ နှင့် ဦးအောင်သူဆန်း ဖုန်း–၆၈၁၂၁၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၈–၁–၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနှာဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၅၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း–၂၁)

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၇

သာသနာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ဂနာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင်များမှ သာသနာရေးမှူးများနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားသည်။**(အပေါ်ပုံ)** ထို့နောက် ပြည်နယ်၊ တိုင်းနှင့်ခရိုင်များမှ သာသနာရေးမှူးများက မိမိတို့ပြည်နယ်၊ တိုင်းနှင့်ခရိုင်များအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ရက်က ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းအလတ်ချောင်း ရပ်ကွက် အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်း၂၀၀၆–၂၀၀၇ ပညာရေးစုံညီပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တိုးချဲ့မူလတန်းလွန်ကျောင်း ဆောင်သစ်ဆောက်လုပ်ရန် ငွေကျပ်၁၀သိန်းလှူဒါန်းခဲ့သူ အလုံမြို့နယ် ဆင်လှလမ်း အမှတ်(၁၇)နေ ဒေါက်တာအယ်နီဝင်းအား ကျောင်းအုပ်ဆရာမ ကြီး ဒေါ်အေးအေးချိုက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

သန်လျင် သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

သန်လျင်မြို့၏ ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ ဗိမာန်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂ရက်က တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)က တည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်းတင်ပြပြီး အလှူရှင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ ပုလဲရောင်ဆန်စက်မှ ဦးအောင်သန်း–ဒေါ်ကြည်အေးနှင့် သား ကိုသန်းလွင်–မခင်လေး၊ သမီး မြတ်ဆုသွယ် မိသားစုက တတိယအကြိမ် လှူဒါန်းငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လက်ခံယူကြသည်။**(ယာပုံ)**

အဆိုပါမိသားစုမှ သာသနာ့ဗိမာန်ကြီး တည်ဆောက်ရေးအတွက် တတိယ အကြိမ်အထိ ငွေကျပ်သိန်း ၃၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)မှ **အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား ညီညီအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား ဝေဖြိုးအောင်အား **ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)မှ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား ဖြိုးသီဟလွင်အား ဆုပေး **အပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

မိမိတတ်ကျွမ်းတဲ့ ပညာရပ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ ပါဝင်ထမ်းဆောင်တဲ့နည်းတူ ရောက်ရာဒေသမှာ တွေ့ကြုံရတဲ့ ပြည်သူကို ကိုယ့်မိဘအရင်းအချာပမာ ပြုစုကြ

■ ရှေ့ဖုံးမှ

ဒို့တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမယ့် မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဒို့တာဝန်အရေးသုံးပါးဟာ ဒို့နိုင်ငံအတွင်းမှာအတူတကွ မှီတင်းနေထိုင်လျက်ရှိကြတဲ့တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်တို့အတွက် အသက်တမျှ အရေးကြီးလှတဲ့ အမျိုးသား အကျိုးစီးပွားဖြစ်တယ်။ ဒို့တိုင်းရင်းသားတွေဟာ နိုင်ငံတော်ရဲ့ နေရာတိုင်း၊ ဒေသတိုင်းမှာပျံ့နှံ့ပြီး တစ်သားတည်းနေထိုင်လျက်ရှိကြတာ ဖြစ်တယ်။

လွတ်လပ်ရေးရပြီးစကာလမှာ လူမျိုးစွဲ၊ ဒေသစွဲကြီးတဲ့လူနည်းစုအချို့က ကိုယ့်ဒေသ၊ သူ့ဒေသစည်းသားချင်တဲ့ သဘောထားမျိုးတွေ လှုံ့ဆော်ခဲ့တာကြောင့် နိုင်ငံတော်ဟာ ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်နဲ့ မကြာခဏရင်ဆိုင်ခဲ့ရတယ်။ တိုင်းရင်းသားမျိုးနွယ်စုများပြားတဲ့ ဒို့နိုင်ငံဟာ ပြည်ထောင်စုကြီး ပြိုကွဲပြီဆိုရင် အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီး အင်အားချည့်နဲ့သွားရာကတစ်ဆင့် နိုင်ငံပါ ပျောက်သွားလောက်အောင်အန္တရာယ်ကြီးမားတယ်။ ယနေ့ကာလမှာ နိုင်ငံရေးအမြင် ရင့်သန်လာပြီဖြစ်တဲ့ ဒို့တိုင်းရင်းသားတွေဟာ ပြည်ထောင်စုပြိုကွဲမှာကို အထူးစိုးရိမ်ပြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံးက ထာဝစဉ် စောင့်ရှောက်သွားကြရမယ့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ခံယူလျက်ရှိကြပြီဖြစ်တယ်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ အဓိကတာဝန်ရှိတဲ့ တပ်မတော်အနေနဲ့လဲ ပြည်ထောင်စုပြိုကွဲမှာကိုလက်သင့်ခံနိုင်ခြင်းလုံးဝမရှိတဲ့အတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခြင်းဟာ တပ်မတော်ရဲ့ အစဉ်အလာတစ်ရပ် ဖြစ်ခဲ့တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးကြရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

သူနာပြုနဲ့ဆေးဘက်ပညာသည်များဖြစ်ကြတဲ့ ရဲဘော်တို့ဟာ ပြည်သူတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်တဲ့ တိုက်ပွဲဝင်တပ်မတော်သားများလဲ ဖြစ်ကြရမယ်။ လိုအပ်လာရင် တပ်ကို ကွပ်ကဲပြီး တိုက်ပွဲဝင်နိုင်စွမ်းရှိရမယ်။ ဒါကြောင့် ရဲဘော်တို့ကို တပ်စုမှူးအဆင့် စစ်ပညာနဲ့ စစ်ဘက်ခေါင်းဆောင်မှု သဘောတရားတွေကို သင်ကြားပေးထားပြီး ဖြစ်တယ်။ ထို့အတူပဲ ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူးသင်တန်းတွေကို အဆင့်နဲ့လျော်ညီစွာ ဆက်လက်တက်ရောက် လေ့ကျင့်ကြရဦးမှာ ဖြစ်တယ်။

ဒါ့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနဲ့ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုတဲ့ အခြေခံအရည်အချင်း ငါးပါးနဲ့ ပြည့်စုံကြရမယ်။ စစ်ဘက်တာဝန်ရဲ့ သဘာဝဟာခက်ခဲကြမ်းတမ်း ပင်ပန်းတဲ့အတွက် စိတ်ဓာတ်အခြေခံကောင်းမှသာ ထမ်းဆောင်နိုင်မှာဖြစ်တယ်။ စိတ်ဓာတ်ကောင်းမှ သတ္တိဗျတ္တိရှိပြီး စွန့်လွှတ်စွန့်စားရဲမှာ ဖြစ်တယ်။ ဒုက္ခ လုံ့လ ဝီရိယနဲ့ အပင်ပန်းအဆင်းရဲခံနိုင်မှာဖြစ်တယ်။ ထို့အတူပဲ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဟာ စည်းကမ်းကို မဏ္ဍိုင်ပြုရတာဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ဆိုရင် ဆေးဝန်ထမ်းတို့ရဲ့ ဂုဏ်သိက္ခာကိုပါ စောင့်စည်းရမှာဖြစ်တဲ့အတွက် စည်းကမ်းအရာမှာ စံပြဖြစ်ဖို့လိုအပ်တယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာတရားကြီးမားမှလဲ ရဲဘော်တို့ရဲ့သန္နိဋ္ဌာန်စိတ်ဟာ ခိုင်မာမှာ ဖြစ်တယ်။ နေ့စဉ်နဲ့အမျှ သစ္စာပြုနေကြတဲ့ရဲဘော်တို့ဟာ အချင်းချင်းအပေါ် မေတ္တာတရား၊ သံယောဇဉ် တရားတွေထားတတ်တဲ့ ရဲဘော်စိတ်ရှိမယ်ဆိုရင် စစ်မြေပြင်မှာ တစ်ဦးကိုတစ်ဦး အသက်ပေးနိုင်သည်အထိ စည်းလုံးညီညွတ်မှု ခိုင်မာကြမှာဖြစ်တယ်။ နိုင်ငံတော်ကို ပြိုကွဲစေလိုတဲ့ အဆိုးမြင်ဝါဒီတွေဟာ တပ်မတော် ဖြိုခွဲရေးအတွက် အစဉ်တစိုက်ကြံစည်ကြိုးပမ်းနေကြတာကြောင့် ရဲဘော်တို့ဟာ စည်းလုံးညီညွတ်ရေး သတိရှိဖို့ လိုအပ်တယ်။ အခြေခံအရည်အချင်း ငါးပါးရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည်စတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံဖို့အတွက်ကတော့ လေ့ကျင့်သားပြည့်ဝမှုနဲ့ အတွေ့အကြုံရင့်ကျက်မှုကို ပေါင်းစပ်ပြီးမှ ဆင့်ကဲကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်** တည်ဆောက်ရေးမှာ ကျန်းမာရေးစောင့်ရှောက်မြှင့်တင်မှုကဏ္ဍက ပါဝင်ကြရမှာဖြစ်တယ်။ ဒါ့ကြောင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှာ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ တို့အပြင် ဆေးဘက်ပညာသိပ္ပံဘွဲ့မှာ ရောဂါရှာဖွေရေး နည်းပညာ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသမှုပညာစသဖြင့် အထူးပြုပညာရပ်အသီးသီးကို သင်ကြားပေးလျက်ရှိတယ်။ ထို့အတူပဲ သူနာပြု မဟာသိပ္ပံဘွဲ့သင်တန်းကိုလဲ ဖွင့်လှစ်သင်ကြားပေးလျက်ရှိတဲ့အပြင် ထိုက်တန်သူတွေဟာ သူနာပြုပါရဂူဘွဲ့အတွက် ဆက်လက်သင်ကြားခွင့် ရရှိကြရမှာ ဖြစ်တယ်။

သူနာပြုလုပ်ငန်းဆိုတာဟာ ကျန်းမာရေးကဏ္ဍမှာ မရှိမဖြစ်အရေးပါတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တယ်။ မေတ္တာကရုဏာ ကြီးမားတတ်ခြင်း၊ စေတနာထက်သန်ခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ခြင်းစတဲ့ မွန်မြတ်တဲ့ နှလုံးရည်နဲ့ ပြည့်စုံသူတွေသာ ထမ်းဆောင်နိုင်တဲ့ တာဝန်မျိုးလဲ ဖြစ်တယ်။

ရဲဘော်တို့ဟာ **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မိမိတတ်ကျွမ်းတဲ့ ပညာရပ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ ပါဝင်ထမ်းဆောင်တဲ့နည်းတူ ပြည်သူတို့ရဲ့ ကျန်းမာရေးကိုလဲ စောင့်ရှောက်ကြရမယ်။ ဒါကြောင့် ရောက်ရာဒေသမှာ တွေ့ကြုံရတဲ့ ပြည်သူကို ကိုယ့်မိဘအရင်းအချာပမာ ပြုစုကြရမယ်။ **တပ်မတော်သည် ပြည်သူ့အတွက်** ဆိုတဲ့ မူဝါဒအတိုင်း ပြည်သူကို အလုပ်အကျွေးပြုရမယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းမှာပါဝင်ပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ကြရမယ်။

ပြည်သူတို့ရဲ့ ရင်သွေးတွေဖြစ်တဲ့ ရဲဘော်တို့က ပြည်သူကို စောင့်ရှောက်တဲ့နည်းတူ ပြည်သူကလဲ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်းနဲ့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ပြုလုပ်ကြရမှာဖြစ်တယ်။ ဒါဟာ နိုင်ငံတော်က ဖော်ဆောင်နေတဲ့ ပြည်သူ့စစ်မဟာဗျူဟာပဲဖြစ်ကြောင်း မှာကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့–

- **ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်ကြပါ၊**
- **လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံတဲ့ တပ်မတော်သား ဆေးဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းကြပါ၊**
- **တပ်တိုင်း၊ ရဲဘော်တိုင်းမှာရှိရမယ့် အခြေခံအရည်အချင်း ငါးပါးနဲ့ပြည့်ဝအောင် ဖြည့်ဆည်းကြပါ၊**
- **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည် ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ တပ်မတော်သားများရဲ့ ကျန်းမာရေးသာမက ပြည်သူတို့ရဲ့ ကျန်းမာရေးကိုပါ စောင့်ရှောက်မြှင့်တင်ပေးခြင်းဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

အသက်လည်းရှည် အညောင်းပြေ လာလေလမ်းလျှောက်စို့

"အာရောဂျပရမလာဘာ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်သည်ဟူသော ဘုရားဟောစကားကို လူတိုင်းကြားဖူးကြသည်။ လက်ခံယုံကြည်ကြသည်။ လူတိုင်းသည် အနာရောဂါကင်း၍ အသက်ရှည်လိုကြသည်။

အသက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အနေအထိုင်၊ အပြုအမူ၊ အလေ့အကျင့်များရှိရန် လိုအပ်သည်။ လူ့ခန္ဓာကိုယ်ကို အားအင်ဖြည့်စွမ်းပေးနိုင်သည့် အစာအာဟာရများ လိုအပ်သည်။ ထို့ပြင် မိမိနှင့်သင့်လျော်သော ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ရန် လိုအပ်သည်။

လမ်းလျှောက်ခြင်းသည် ကျန်းမာစွာ အသက်ရှည်ရေးအတွက် သဘာဝအကျဆုံး၊ အရိုးရှင်းဆုံး၊ အကုန်အကျအနည်းဆုံးနှင့် လူတိုင်းလိုလို ဆောင်ရွက်နိုင်သော ကျန်းမာရေး လေ့ကျင့်ခန်းတစ်ရပ်ပင် ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားခြင်းနှင့် ကျန်းမာခြင်းတို့သည် "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဆိုသကဲ့သို့ ဆက်စပ်နေသည်။ ကျန်းမာသူမှန်သမျှ လှုပ်ရှားသွားလာနိုင်သည်။ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်နေ၍လည်း ကျန်းမာနေသည်။ ကိုယ်လက်လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းတို့သည် ဇရာကို တွန်းလှန်ရန်အတွက် လက်နက်ကောင်းများပင် ဖြစ်သည်။

နေ့စဉ်နှင့်အမျှ နံနက်စောစောထ၍ လမ်းလျှောက်နေကြသော သက်ကြီးရွယ်အိုများ၊ လူရွယ်လူလတ်များနှင့် အပြေးလျှောက်နေကြသော လူငယ်လူရွယ် အများအပြားကို တွေ့ကြရသည်။ နိုင်ငံအများအပြားတွင် လမ်းလျှောက်ခြင်းနှင့် ကာယလေ့ကျင့်ခန်းယူခြင်းတို့မှာ လွန်စွာခေတ်စားနေသည်။ သို့သော် အလုပ်မအား၍သော်လည်းကောင်း၊ ပျင်း၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် နေ့စဉ်မှန်မှန် လမ်းမလျှောက်ဖြစ်သူ အတော်များများ ရှိနေဆဲပင် ဖြစ်သည်။

ယနေ့ကာလသည် သိပ္ပံပညာနှင့် စက်မှုပညာတို့ အလွန်ထွန်းကား တိုးတက်လာသည့်အလျောက် လူတို့သည် မိမိကိုယ်တိုင်၏ လုပ်အားထက် စက်အား၊ယာဉ်အားများကို ပိုမိုအသုံးချလာကြသည်။ ပိုမို၍ သက်သောင့်သက်သာနေထိုင်သော နေ့စဉ်လူနေမှုဘဝ ပုံစံများ ပြောင်းလဲလာကြသည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာသည်။ မော်တော်ယာဉ်များကို အသုံးများလာပြီး လမ်းလျှောက်သည့်အကျင့် နည်းပါးလာတော့သည်။ ထို့ကြောင့် ခန္ဓာကိုယ် ကြံ့ခိုင်ဖွံ့ဖြိုးမှုပိုမိုတည်မြဲ ...

ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရာတွင် မည်သည့်လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်းကိုသာ လုပ်ရမည်ဟူ၍ အတိအကျ သတ်မှတ်ချက်မရှိပေ။ အသက်အရွယ်၊ ကျန်းမာခြင်းနှင့် တစ်ဦးချင်းစီ၏ ခန္ဓာကိုယ် အခြေအနေ လိုအပ်ချက်အလိုက် သင့်တင့်လျောက်ပတ်သော အားကစား လေ့ကျင့်ခန်းမျိုးကို နေ့စဉ်မှန်မှန် ပြုလုပ်ရန်သာ လိုအပ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်၏ ဦးခေါင်း၊ ကိုယ်၊ ခြေ၊ လက်အားလုံး ပါဝင်လှုပ်ရှား၍ အသက်ပြင်းပြင်း ရှူစေနိုင်သော ကိုယ်လက်လှုပ်ရှားမှုမျိုး ဖြစ်ရန် လိုအပ်သည်။ လူကြီးလူငယ်မရွေး၊ လူတန်းစားမရွေး၊ ကျန်းမာကြံ့ခိုင်စေသော အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှုကို လူတို့၏ပင်ကိုဗီဇ သဘာဝအလျောက် နှစ်ပေါင်းများစွာက လုပ်ဆောင်လာခဲ့သည့် လမ်းလျှောက်ခြင်းပင် ဖြစ်သည်။

ပျမ်းမျှအားဖြင့် လူတစ်ယောက်၏ တစ်သက်တာတွင် လျှောက်လှမ်းခဲ့ရသည့် ခရီးအကွာအဝေး စုစုပေါင်းမှာ မိုင်ပေါင်း ၆၅၀၀ခန့် ရှိမည်ဟု ခန့်မှန်းကြသည်။ စင်စစ်အားဖြင့် လမ်းလျှောက်ခြင်းကို ကျန်းမာကြံ့ခိုင်မှု အတွက်သာမက မကျန်းမာသော ရောဂါဝေဒနာရှင်တို့အတွက်ပါ ရောဂါကုထုံးတစ်ရပ်အဖြစ်ပင် အသိအမှတ်ပြု အသုံးချခံနေကြရပြီ ဖြစ်သည်။

လမ်းလျှောက်စဉ်တွင် အသက်ဝဝရှူရန် လိုအပ်သည်။ စတင် လမ်းလျှောက်ခါစတွင် မိမိအသက်အရွယ်နှင့် ကျန်းမာရေးအရ မိမိလျှောက်နိုင်သလောက် နည်းနည်းလျှောက်ပြီး နောက်ရက်များတွင် တဖြည်းဖြည်း အကွာအဝေးကို တိုးမြှင့်၍ လျှောက်ပေးရသည်။ လမ်းလျှောက်ရမည့် အကွာအဝေးမှာ လူတစ်ဦးချင်းစီ၏ လိုအပ်မှုအလိုက် အသက်အရွယ် အလိုက်ဖြစ်၍ မူသေသတ်မှတ်ရန် မဖြစ်နိုင်ပေ။ သင့်လျော်သော အကွာအဝေးကို နေ့စဉ်မှန်မှန် လမ်းလျှောက်ရန်သာ လိုအပ်သည်။

ယနေ့ ကမ္ဘာပေါ်တွင် ခေတ်စားနေသော Jogging ခေါ် ရွရွကလေး အပြေးလျှောက်ခြင်းမှာ လမ်းလျှောက်ခြင်းကဲ့သို့ အကျိုးပြုသော် လည်း ရောဂါပြင်းထန်သူ(ဥပမာ နှလုံးရောဂါရှင်အချို့)တို့နှင့် မသင့်လျော်ပေ။

လမ်းလျှောက်နည်းကို အကြမ်းအားဖြင့် လေးမျိုးခွဲခြားနိုင်သည်–

၁။ အားလပ်ချိန်တွင် အပျင်းပြေလမ်းလျှောက်ခြင်း

ဤနည်းမှာ လမ်းလျှောက်ခြင်း၏ အနေးဆုံးပုံစံဖြစ်သည်။ များသောအားဖြင့် တကူးတကစီစဉ်ခြင်းမဟုတ်ဘဲ တစ်နာရီလျှင် တစ်မိုင်နှုန်းခန့်ဖြင့် အပျင်းပြေ၊ အညောင်းပြေ လမ်းလျှောက်ခြင်းဖြစ်သည်။ ဥပမာ–ညနေထမင်းစားအပြီးတွင် တစ်မိုင်ခန့်လမ်းလျှောက်ခြင်း၊ အားလပ်ရက် နံနက်ခင်းတွင် နှစ်မိုင်ခန့်လမ်းလျှောက်ခြင်း၊ လမ်းလျှောက်၍ ဟိုသည်ငေးမောကာ လေ့လာရေးလုပ်ခြင်းတို့ပင် ဖြစ်သည်။ အထိုက်အလျောက် လူကိုအကျိုးပြုသော လမ်းလျှောက်နည်းတစ်မျိုးပင်ဖြစ်သည်။

၂။ ပုံမှန်လမ်းလျှောက်ခြင်း

ဤနည်းမှာ ပိုမိုစနစ်ကျ၍ ထိရောက်မှုရှိသည်။ များသောအားဖြင့် တစ်နာရီလျှင် သုံးမိုင်ခန့်လျှောက်သင့်ပြီး ထိုသို့လျှောက်နိုင်အောင် တဖြည်းဖြည်း လေ့ကျင့်ယူရမည် ဖြစ်သည်။ နေ့စဉ် အချိန်မှန်မှန် လျှောက်နိုင်လျှင် ပိုကောင်းသည်။ နေ့စဉ်အနည်းဆုံး နာရီဝက်ခန့် လေကောင်းလေသန့် ကောင်းစွာရရှိနိုင်သော နေရာဒေသတွင် ပုံမှန်လျှောက်သင့်သည်။

တကူးတက လေ့ကျင့်ခန်းယူရန် အချိန်မရလျှင် အလုပ်ခွင်သို့ လမ်းလျှောက်သွားခြင်း၊ ခရီးတိုများအတွက် ကားမစီးဘဲ လမ်းလျှောက်သွားခြင်း၊ ဓာတ်လှေကားမစီးဘဲ ရိုးရိုးလှေကားကို အသုံးပြု၍ အတက်အဆင်းပြုလုပ်ခြင်း၊ အလုပ်အားချိန်ကလေးတွင် ခေတ္တခဏလမ်းလျှောက်ပေးခြင်း စသည်တို့ဖြင့် အစားထိုး၍ မိမိ၏တစ်နေ့တာ လမ်းလျှောက်ရမည့် ခရီးအကွာအဝေးပမာဏကို ပြည့်စေနိုင်ပေသည်။

၃။ စနစ်တကျလမ်းလျှောက်ခြင်း

ဤနည်းမှာ မိမိအသက်အရွယ်အလိုက် ရောက်ရှိသင့်သည့် ခံနိုင်ရည်ရှိမည့် နှလုံးခုန်နှုန်းပမာဏသို့ ရောက်အောင် အမြန်နှုန်းကို ချိန်ဆ၍ စနစ်တကျ လမ်းလျှောက်ခြင်းဖြစ်သည်။ အနည်းဆုံးတစ်နေ့လျှင် ၁၅ မိနစ်မျှ တစ်နာရီသုံးမိုင်နှုန်းဖြင့် မိမိ၏ခံနိုင်ရည်ရှိမှု ကျန်းမာမှုအပေါ် မူတည်၍ အချိန်၊ အမြန်နှုန်းနှင့် ခရီးအကွာအဝေးတို့ကို တဖြည်းဖြည်း တိုးမြှင့်ရပေမည်။ ကျဲကျဲလှမ်း၍ သွက်သွက်လျှောက်နိုင်လျှင် ပိုကောင်းသည်။

ပန်းတောင်း သန်းကြွယ်

သို့သော် အသက် ၅၀ကျော်သူ၊ ရောဂါတစ်ခုခုရှိသူ၊ တစ်ချိန်ချိန်က နှလုံးရောဂါ ရှိခဲ့ဖူးသူတို့မှာ ယင်းသို့သော လေ့ကျင့်ခန်း မစတင်မီ နီးစပ်ရာဆရာဝန်နှင့် ပြသတိုင်ပင်ပြီးမှ လုပ်ဆောင်သင့်သည်။ ဤနည်းတွင် စံချိန်ကိုက် လျှောက်ရမည့် နှလုံးခုန်နှုန်းမှာ အသက်အရွယ် အလိုက် အမြင့်ဆုံး ခံနိုင်ရည်ရှိသည့် နှလုံးခုန်နှုန်းပမာဏ၏ ၇၀ မှ ၈၅ရာခိုင်နှုန်း အတွင်းဖြစ်ရမည်။ ထို့ထက်ကျော်လွန်ပါက နှလုံးကို ပြဿနာဖြစ်တတ်သောကြောင့်ဖြစ်သည်။ တစ်နာရီလျှင် လေးမိုင်၊ ငါးမိုင်နှုန်းဖြင့် လျှောက်နိုင်ပြီဆိုလျှင် အများအားဖြင့် လုံလောက်သောနည်း ဖြစ်သည်။

၄။ ခရီးဝေးလမ်းလျှောက်ခြင်း

ဤနည်းမှာ နေ့စဉ်လျှောက်စရာမလိုဘဲ မိမိခံနိုင်ရည် မည်မျှရှိသည်။ မည်မျှကျန်းမာသည်ကို စမ်းသပ်သည့်သဘောဖြင့် တစ်ခါတစ်ရံ လျှောက်ပေးသင့်သောနည်း ဖြစ်သည်။ တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်မှု ရှိလျှင် ပိုကောင်းသည်။

ရောဂါဘယကင်း၍ ကျန်းမာစွာ အသက်ရှည်လိုကြသော လူသားတိုင်းသည် နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြ။

လမ်းလျှောက်နည်း လေးမျိုးအနက် အရွယ်သုံးပါးမရွေး ကျန်းမာရေး အတွက် ပုံမှန်လမ်းလျှောက်ခြင်းမှာ လွယ်ကူပြီး အသင့်လျော်ဆုံးဖြစ်သည်။ စနစ်တကျ လမ်းလျှောက်လေ့ကျင့်ခန်းယူသည့် နည်းအတိုင်းလျှောက်နိုင်လျှင် ပို၍ အကျိုးရှိနိုင်သည်။

လမ်းလျှောက်ရာတွင် သတိချပ်သင့်သော လိုအပ်ချက်များရှိသည်။

ယာဉ်ကြောကို ကျောပေးမထားဘဲ မျက်နှာချင်းဆိုင်ထား၍ လျှောက်ရမည်။ အမြင်အာရုံ၊ အကြားအာရုံတစ်ခုခု အားနည်းချို့တဲ့နေသူများ အဖော်မပါဘဲ လမ်းမလျှောက်သင့်ပေ။ လုံခြုံစိတ်ချရသော အချိန်နှင့် နေရာများတွင်သာ လမ်းလျှောက်သင့်သည်။ လုံခြုံစိတ်ချရ၍ လေကောင်းလေသန့် ရရှိသောနေရာမှာ အကောင်းဆုံးဖြစ်သည်။

လမ်းလျှောက်စဉ် သက်သာချောင်ချိသော အဝတ်အထည်များကိုသာ ဝတ်ဆင်ရမည်။ လက်ပတ်နာရီ၊ လက်စွပ်၊ ခါးပတ်များ ဖြစ်နိုင်လျှင် ချွတ်ထားခဲ့ရမည်။ မလိုအပ်လျှင် မျက်မှန်ကိုပါ ချွတ်ထားခဲ့သင့်သည်။ တန်ဖိုးကြီးပစ္စည်းများ ဝတ်ဆင်ပြီး အချိန်မှန်မှန် လမ်းလျှောက်နေသူ တစ်ဦးသည် လူဆိုးလူမိုက်များ၏ ပုံသေပစ်မှတ် သားကောင်းဘဝသို့ တစ်ချိန်ချိန်မှာ ကျရောက်တတ်သည်။ လိုအပ်လျှင် အသုံးချနိုင်ရန် ကျစ်လျစ် မာကြောသော လမ်းလျှောက်တုတ်တစ်ချောင်းကို ဆောင်ထားသင့်သည်။

အရေးကြီးဆုံးမှာ ဖိနပ်ဖြစ်သည်။ မချောင်လွန်း၊ မကျပ်လွန်းသော အနေတော်ဖိနပ်မျိုး ဖြစ်သင့်သည်။ ဖိနပ်နှင့် ခြေထောက်အပေါ် အာရုံ စိုက်နေရလျှင် လမ်းလျှောက်ရခြင်း၏ အရသာ ပျက်သွားနိုင်သည်။ ရာသီဥတုနှင့် ကိုက်ညီသော ဝတ်စားဆင်ယင်မှုမျိုးကို ပြုလုပ်ရမည်။ အထက်ပါအချက်များကို သတိပြု လိုက်နာနိုင်လျှင် ဘေးကင်းလုံခြုံ၍ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော လမ်းလျှောက်ခြင်းရသကို အပြည့်အဝ ခံစားနိုင်ပေမည်။

ကမ္ဘာ့အိုလံပစ်ပွဲတော် စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ ကမ်းခြေ ကျောက်သား ကမ်းပါးတစ်ခုတွင်–

သင် ကျန်းမာလိုပါသလား၊
သင် လမ်းလျှောက်ပါ။
သင် ဉာဏ်ကောင်းချင်ပါသလား၊
သင် လမ်းလျှောက်ပါ။
သင် လှချင်ပါသလား။
သင် လမ်းလျှောက်ပါ

ဟူသော စာတန်းကို ထုဆစ်ရေးထိုးထား၏။ ကျန်းမာရေးကို အထောက် အကူပေးသည့် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ဖော်ပြနိုးဆော် ထားခြင်းဖြစ်သည်။ တိုတိုနှင့် ထိမိပါသည်။

လမ်းလျှောက်သည့် အလေ့အကျင့်ရှိသူများ၊ အားကစားသမားများ သည် အခြားသောသူများထက် ပိုမို၍ အမောခံနိုင်ကြသည်။ သက်လုံ ကောင်းကြသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိပြီးသူတို့တွင် အဆုတ်သည် မူလကပင် ခန္ဓာကိုယ်၏ လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနေကျ ဖြစ်သောကြောင့် အလေ့အကျင့်မရှိသူများထက် အမောခံနိုင်ကြခြင်း ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် အဆုတ်တွင်းသို့ လေကို ပြည့်ပြည့်ဝဝ ရှူသွင်းစေနိုင်သည်။ အဆုတ်ကို အားပေးရာရောက်သော အလေ့အကျင့်ပင် ဖြစ်သည်။ ကိုယ်ခံစွမ်းအားကိုလည်း မြင့်တက်စေနိုင်သည်။ လူအများစု သည် လေကို အဆုတ်ပြည့်အောင် ပြည့်ပြည့်ဝဝ အသက်ရှူလေ့ မရှိကြပေ။ ထို့ကြောင့်ပင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများတွင် အသက်ကို ပြင်းပြင်းရှူရှိုက်ရသော လေ့ကျင့်ခန်းများ ပါဝင်ရခြင်း ဖြစ်သည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အနှံ့ သွေးသွားလာလည်ပတ်မှုကို ပိုမိုကောင်းမွန်စေသည်။ သွေးတိုးကို ကျစေသည်။ သွေးလည်ပတ်မှု အရှိန်မြင့်တက် ကောင်းမွန်လာသည်နှင့်အမျှ အဆုတ်အတွင်း၌ အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လဲလှယ်မှုသွက်လက်မြန်ဆန်လာပြီး ခန္ဓာကိုယ်၏လုပ်ငန်းအဝဝကို ပိုမို ကောင်းမွန်လာစေသည်။ ဦးနှောက်တွင် အောက်ဆီဂျင်ဓာတ် လုံလောက်စွာရရှိသဖြင့် စိတ်ကို ကြည်လင်ရွှင်လန်းတက်ကြွစေသည်။ ဉာဏ်ရည်များ ထက်မြက်လာစေသည်။

နှလုံးကြွက်သားများသည်လည်း သွေးလည်ပတ်မှု ပိုမိုမြန်ဆန်လာ သည်နှင့်အမျှ ပိုမို၍ လှုပ်ရှားရကာ ပိုမိုသန်စွမ်းလာကြသည်။ ပိုမို၍လည်း အလုပ်လုပ်နိုင်လာကြသည်။ နှလုံးသန်မာ လူကျန်းမာဟူသော ဆောင်ပုဒ် အတိုင်း နှလုံးရောဂါကို ကာကွယ်နိုင်သည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးမှုတပြီး ကြွက်သား အမျိုးမျိုးကို ပိုမိုသန်စွမ်းလာစေသောကြောင့် အလုပ်ပိုမိုလုပ်နိုင်သည်။ ခြေသလုံးကြွက်သားများကလည်း ဒုတိယနှလုံးသဖွယ် ညှစ်အားပိုမိုပေးနိုင် သဖြင့် သွေးအသွားအလာကောင်းမွန်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသို့ သွေးသစ်များ အလုံအလောက် ရောက်စေသည်။ အစာအိမ်ရှိကြွက်သားများ ပိုမိုလှုပ်ရှားလာစေပြီး အစာခြေရည်ပိုမိုထွက်ရှိစေသောကြောင့် အစာကို လွယ်ကူစွာ ကြေညက်စေသည်။ အူသိမ်အူမကြီးတစ်လျှောက်ရှိ ကြွက်သား များ တက်ကြွစွာ အလုပ်လုပ်နိုင်သဖြင့် ဝမ်းချုပ်ခြင်း မရှိနိုင်တော့ပေ။

ခန္ဓာကိုယ်ရှိ ပိုလျှံနေသောအဆီများကိုလည်း လမ်းလျှောက်ခြင်းဖြင့် စွမ်းအင်အဖြစ်သို့ ပြောင်းလဲဖယ်ရှားပေးနိုင်သည်။ ထိုပိုလျှံအဆီများသည် ခန္ဓာကိုယ်အလေးချိန်တိုးစေပြီး နှလုံးကို အလုပ်ပိုစေသည်။ ဝလွန်းခြင်း သည် ရောဂါတစ်ရပ်ပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဟားဘတ် ပြည်သူ့ကျန်းမာရေးသင်တန်းကျောင်းမှ ဒေါက်တာဂျင်းမေယာ၏ တွက်ချက်ဖော်ပြမှုအရ တစ်နေ့လျှင် တစ်မိုင်လမ်းလျှောက်သူသည် ၃၆ ရက်အကြာတွင် ခန္ဓာကိုယ်ထဲရှိ အဆီတစ်ပေါင်ကို ချေဖျက်ပစ်နိုင် ကြောင်း သိရသည်။ လမ်းလျှောက်ခြင်းဖြင့် အဝမလွန်အောင် ထိန်းပေး နိုင်ပြီး သွေးအတွင်းမှ အဆီကိုပါကျစေသည်။

လမ်းလျှောက်ခြင်းဖြင့် အကြောအခြင်နှင့် အရွတ်များကို ပျော့ပျောင်း စေပြီး လူကို ဖျတ်လတ်ပေါ့ပါးစေသည်။ အရိုးများကို ကြံ့ခိုင်သန်စွမ်း စေသည်။ ဦးနှောက်နှင့်အာရုံကြောများ၏ လုပ်ငန်းများကို ပိုမိုကောင်းမွန် လာစေသည်။ အိပ်ပျော်စားဝင်ခြင်း၊ ခန္ဓာကိုယ် ပေါ့ပါးသွက်လက်ခြင်း၊ စိတ်ကြည်လင်လန်းဆန်းခြင်း၊ စိတ်ဖိစီးမှု လျော့နည်းစေခြင်းနှင့် အသား အရည် စိုပြည်ခြင်းတို့ကိုပါ ရရှိခံစားစေနိုင်သည်။

လှုပ်လှုပ်ရှားရှား ပြေးလွှားဆော့ကစားနေသော ကလေးငယ်များသည် မလှုပ်မရှား ငြိမ်သက်နေသော ကလေးများထက် ပိုမိုကြီးထွား ဖွံ့ဖြိုး နိုင်ကြောင်း တွေ့ရှိရသည်။ အနှစ်ချုပ်၍ဆိုရသော် လမ်းလျှောက်ခြင်း သည် သွေးတိုးကို ကျစေသည်။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။ အရိုးများကို ကြံ့ခိုင်စေသည်။ အဝ မလွန်အောင် ထိန်းသိမ်းနိုင်သည်။ ကြွက်သားများကို သန်စွမ်းဖျတ်လတ် စေသည်။ သွေးအတွင်းမှအဆီကို ကျစေသည်။ သကြားဓာတ်ကို ကျစေ သည်။ အသက်အရွယ်မရွေး၊ ကျားမမရွေး၊ လူတန်းစားမရွေး ဆောင်ရွက် နိုင်သော အခြေခံအားကစားနည်းတစ်ရပ်ပင် ဖြစ်သည်။

ထို့ကြောင့် ရောဂါဘယကင်း၍ ကျန်းမာစွာ အသက်ရှည်လိုကြ သော လူသားတိုင်းသည် နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြရန် လိုအပ်လှပေသည်။ ။

နှစ်(၆၀)ပြည့် မြန်မာ့လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံ အကြီးအကဲများ

သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လျက်ရှိသည်။

စင်ကာပူနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာနာသန်ထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံ ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သဝဏ်လွှာပေးပို့ပါကြောင်း၊ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သမိုင်းကြောင်းရှည်လျားစွာ ချစ်ကြည်ရင်းနှီးလျက် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်လျက် အာဆီယံ အသိုက်အမြုံကို ဆက်လက်တည်ဆောက်ကြမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဖိလစ်ပိုင်အစိုးရအနေဖြင့် လည်းကောင်း၊ ဖိလစ်ပိုင်ပြည်သူများအနေဖြင့် လည်းကောင်း နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုခိုင်မာစွာ ဆက်လက်တိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပြည်သူများ ချစ်ကြည်ရင်းနှီးမှုသည် မြန်မာနှင့် ဖိလစ်ပိုင်အကြား ပိုမိုနက်ရှိုင်းစွာ ဆက်ဆံရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအစိုးရများအနေဖြင့် နှစ်နိုင်ငံအရေး၊ ဒေသဆိုင်ရာ အာဆီယံအရေးကိစ္စတို့တွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန် ဆက်လက်ကြိုးပမ်းကြမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုထံမှ ပေးပို့သော သဝဏ်လွှာ၌ မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် လည်းကောင်း၊ ဖိလစ်ပိုင်ပြည်သူများအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သဝဏ်လွှာပေးပို့ပါကြောင်း၊နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံတွင် အိမ်နီးချင်းနိုင်ငံများအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအယ်လ်ဘာတိုဂျီရိုမြူလိုကလည်း သဝဏ်လွှာပေးပို့ခဲ့သည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ပုသိမ်မြို့၌ ပန်းခြံလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုတို့ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပန်းခြံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၁ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေနှင့် စစ်ဘက်နယ်ဘက်ဆိုင်ရာ အရာရှိများ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူလူထုအင်အား ၁၀၀၀ကျော် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုင်းထွန်းထွန်းက ရှင်းလင်းတင်ပြပြီး ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းနှင့်ပန်းခြံလမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ဆောင်ရွက်နိုင်ခဲ့

အဆိုပါကတ္တရာလမ်းသစ်အား အဖွဲ့ရန်ပုံငွေကျပ်၉၅သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်၉၅သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၉၀ဖြင့် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ပေ၁၁၀၀၊ အကျယ်၁၅ပေရှိ ကတ္တရာလမ်းနှင့် (Box Culvert) နှစ်ခုအပြင် လမ်းဘေးဝဲယာ အုတ်ရေမြောင်း၊ ရေနုတ်မြောင်းမကြီးတစ်ခုနှင့် လမ်းဖြတ်ရေပြွန်တံတားနှစ်ခု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဝင်းသူဇာအရောင်းဆိုင်များနှင့် ဆပ်ပြာစက်ရုံအမှတ်(၂) စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး ကုန်ပစ္စည်းများ မပြတ်လပ်စေရေးနှင့် အမယ်စုံရောင်းချရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၇

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်၉နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ ဝင်းသူဇာအရောင်းဆိုင်(မရမ်းကုန်း)သို့ ရောက်ရှိပြီး အရောင်းဆိုင်အတွင်း ရောင်းချလျက်ရှိသောအမှတ်(၁) စက်မှုဝန်ကြီးဌာန စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍**(ယာပုံ)** ရောင်းကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် မှာကြားသည်။

အမယ်စုံရောင်းချ

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် ခဝဲခြံမှတ်တိုင်အနီးရှိ ဝင်းသူဇာအရောင်းဆိုင်(မရမ်းကုန်း)သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ရောင်းကုန်ပစ္စည်းများ အမယ်စုံရောင်းချရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် လှိုင်မြို့နယ် ပဏ္ဍိတလမ်းရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံအမှတ်(၂)သို့ ရောက်ရှိပြီး ဆီဖျော်ကန်၊ ကော့စတစ် ဖျော်ကန်များ ပြုပြင်ဆောင်ရွက်နေမှု၊ ချက်အိုးများ ပြုပြင်နေမှုနှင့် ဆပ်ပြာစက်ရုံအတွင်းရှိ

ဆေးစပ်ဌာန၊ ဆေးစပ်အိုးနှင့် စက်ပစ္စည်းများ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပြင်ဆင်မှုလုပ်ငန်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားရန်တို့ကို တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်း အထက(၃) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(၃) ၁၉၆၉–၁၉၈၁ ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ အသက်၆၀အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ယင်းကျောင်း မြညီလာကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်နိုင်ကြစေရန် နှိုးဆော်ထားသည်။

တစ်ဆက်တည်း အဆိုပါအငြိမ်းစား ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တပည့်ဟောင်းအားလုံးမှ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မြတ်ဆရာများအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးမြင့်စိုးဝင်း(နာယက) ဖုန်း–၅၉၁၁၁၆၊ ဦးခင်မောင်ဌေး (ဥက္ကဋ္ဌ)ဖုန်း–၅၇၀၄၃၆၊ ၅၆၀၇၀၇၊ ဦးမြင့်ခိုင်(အတွင်းရေးမှူး)ဖုန်း–၂၅၄၆၇၉၊ ၅၇၂၀၅၀၊ ဒေါ်သီတာငြိမ်း ဖုန်း–၅၆၅၆၆၈၊ ဒေါ်မြမြ၊ ဒေါ်မြင့်မြင့်စိန် ဖုန်း–၅၆၅၁၈၂ နှင့် ဦးတင်လှ(ဘဏ္ဍာရေးမှူး)ဖုန်း–၀၉–၅၁–၉၆၂၆၄ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၄/၂ရပ်ကွက် စုပေါင်းအိမ်ရာ ငှက်တော်လမ်းနေ ဦးမြင့်စိုး(ပန်းဝါသနာရှင်)၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မှူးယစ်ကင်းစင် အလှဆင်

သုံးခွမြို့ ဒို့ဗမာဆန်စက်၌ မီးလောင်

ရန်ကုန် ဇန်နဝါရီ ၇

သုံးခွမြို့နယ် စပယ်ချောင်းကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာရှိ ဒို့ဗမာဆန်စက်တွင် ဇန်နဝါရီ ၆ ရက် နံနက်၂နာရီ၁၀မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားပြီး နံနက် ၃နာရီတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါဆန်စက်မှာ တစ်နေ့ ၃၅တန်ကျ ဆန်စက်ဖြစ်ပြီး ပေ ၁၀၀ပတ်လည် အကျယ်ရှိ အုတ်ကာ၊ သွပ်မိုး အဆောက်အအုံဖြစ်သည်။ ဓါတ်လောင်စာသုံးအင်ဂျင်ဖြစ်၍ ဖွဲခွံထည့်သည့်ရိုလာမှ စတင်လောင်ကျွမ်းသည်ဟု ယူဆရကြောင်း၊ မီးမှာ ဆန်စက်တစ်ခုလုံး လောင်ကျွမ်းသည့်အပြင် ဆန်စက်အတွင်းရှိ စပါးပုံများ၊ ဆန်အိတ်များအား အပေါ်ယံ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယဗိုလ်မှူးကြီး ခင် မောင် ချို အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၈၂(အေ)နေ ဦးဇော်မြင့်ဦး-ဒေါ်သီတာချို(ဗိုလ်မှူး)မိသားစုတို့က ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး ထာဝရ ငွေ ပ ဒေ သာ ပင် အတွက် အလှူငွေကျပ် တစ်သိန်းကို

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)အား အမှူးထား၍ အသင်းဥက္ကဋ္ဌ ဦးညွန့်စိန် (မဟာသဒ္ဓမ္မဇောတိကဓဇ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဉာဏဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၇

ယောနယ်အသင်း(ရန်ကုန်)၏ (၃၈)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို (၁၃၆၉ ခု ပြာသိုလပြည့်ကျော် ၅ရက်) ဇန်နဝါရီ ၂၇ရက် မွန်းတည့် ၁၂ နာရီတွင် ၂၀၂/ လမ်း ၄၀ ယောနယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကိုလည်း ယင်းအစည်းအဝေး၌ ကျင်းပသွားမည်ဖြစ်ရာ အသက် ၇၀ နှင့်အထက် အသင်းဝင်များနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏ သားသမီးများသည် ဇန်နဝါရီ ၁၉ရက် နောက်ဆုံးထား၍ ဦးအေးမောင်ဥက္ကဋ္ဌ ၅၂/လမ်း-၃၀၊ ဦးအောင်မြ ဒုတိယ ဥက္ကဋ္ဌ ၁၄၀/ ၃၇ လမ်းနှင့် ဦးသာလှ အတွင်းရေးမှူး ၉၉ ဆိပ်ကမ်းသာလမ်းထံသို့ အထောက်အထားများနှင့်အတူ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေရင်အေး ဆရာတော်၏ ဇန်နဝါရီ ဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၇

အင်းစိန်မြို့ ရွှေရင်အေးမဟာစည် သာသနာ့ရိပ်သာ၏(ပဓာန နာယက) ဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေရင်အေးဆရာတော် ဘဒ္ဒန္တ ပညာနန္ဒသည် ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ သုံးခွမြို့နယ် ညောင်နီကျေးရွာ အရှေ့ကျောင်း၌လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်ညတွင် သုံးခွမြို့ ဥက္ကံ ဘုရားကြီးစာသင်တိုက်၌ လည်းကောင်း၊ ဇန်နဝါရီ ၂၀၊ ၂၁ ရက်ညများတွင် ကဝမြို့နယ် သက္ကလ စံပြကျေးရွာ၌လည်းကောင်း၊ ဇန်နဝါရီ ၂၄၊ ၂၅ ရက်ညများတွင် ခရမ်းမြို့ မြို့လယ်ဓမ္မာရုံ၌လည်းကောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

မြန်မာ့အလင်း သတင်း အတိုအထွာ

ကျိုက်သလွံစေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရေး လှူဒါန်းနိုင်

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသူများသည် မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၈၊ စေတီတော် ဖုန်း-၀၅၇-၂၁၃၃၄၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျောက်တလုံးကြီး ဒီဇင်ဘာစာဖတ်ပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာစာဖတ်ပွဲတော်ကျင်းပရာ ကျောင်းသား ခွန်မြင့်စိုးနိုင်က စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန် ဥပဒေပြုမှုအနှစ်သာရအပိုင်း(၁)ကိုလည်းကောင်း၊ ကျောင်းသူ နန်းစိမ်းသူအောင်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရန်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများစာအုပ်မှ အခန်း(၁) နိုင်ငံတော်အခြေခံမူများ အခန်းကိုလည်းကောင်း ဖတ်ကြားကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တမူးခရိုင် မူလတန်းအဆင့် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်

တမူးခရိုင် အခြေခံပညာ မူလတန်းအဆင့် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပထမပွဲစဉ်အဖြစ် တမူးမြို့ပေါ် အထကအုပ်စုနှင့် အလကအုပ်စုတို့ ယှဉ်ပြိုင်ကစားကြသည်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ ကျေးရွာ၂၉ရွာမှ စာကြည့်တိုက်မှူး၂၉ ဦး တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ငွေလှူဒါန်း

ကောလင်းမြို့ မြောက်အင်းရပ် ဥတ္တရာ ရာမ ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် တတိယအကြိမ်အလှူငွေပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၁ရက်က ချမ်းသာကြီးဓမ္မာရုံ၌ ကျင်းပရာ အလှူရှင်များက ငွေကျပ် ၃၆၈၂၃၀၀ ကို ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီသို့ ပေးအပ်ကြောင်း သိရသည်။ (၀၂၆)

ပူတာအိုမြို့၌ အိမ်တွင်းမှုသင်တန်းဆင်းပွဲ ကျင်းပ

ပူတာအိုမြို့နယ် အမျိုးသမီးအိမ်တွင်း သက်မွေးလုပ်ငန်းပညာပေး အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၈)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂)နှင့် လက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၂)ဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ၃၀ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမြအေးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုမြို့၌ မီးသတ်သင်တန်းဆင်း

ရွှေဘိုမြို့နယ် အကြိုအခြေခံ မီးသတ်ပညာသင်တန်း(လက်နက်ပါ) အမှတ်စဉ်(၅/၂၀၀၇)ဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က ရွှေဘိုမြို့နယ်မီးသတ်စခန်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက ဆုရသင်တန်းသားများအား ဆုချီးမြှင့်ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကြက်ဆူကိုင်းဖြတ် စိုက်ပျိုးပွဲတော်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်၏ ပြည်သူလူထုလှုပ်ရှားမှုအသွင်ဖြင့် ဒီဇင်ဘာ စုပေါင်းကြက်ဆူကိုင်းဖြတ် စိုက်ပျိုးပွဲတော်ကို ကျခန်းဒပ်ကျေးရွာ၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ကျင်းပရာ ကိုင်းဖြတ် ပင်ပေါင်း ၁၂၀၀(တစ်ဧက)နှင့် အစေ့ ၆၀၀ (၀ ဒသမ ၅၀)ဧက စုစုပေါင်း ၁ ဒသမ ၅၀ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မောင်တောမြို့ စာဖတ်ဝိုင်း

ရခိုင်ပြည်နယ် မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို နိုဝင်ဘာ ၂၈ရက် နံနက် ၁၀နာရီက ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ စာကြည့်တိုက်တာဝန်ခံ ဦးစိုးလွင်က စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသည့် ရည်မှန်းချက်ရှိရမည်၊ ချစ်လို့ပြောတာမှတ်ပါ စာအုပ်မှ အလုပ်လျှောက်နည်း၊ ရာထူးတိုးနည်းဆောင်းပါးကို ဖတ်ကြားကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ပိတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၉ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ပိတ်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီက ရန်ကုန်မြို့ ကန်တော်ကြီးကရဝိက် ဥယျာဉ်ကမ္ဘာမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာအုပ်ဈေးပွဲတော်၌ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခဲ့ကြသည့် စာအုပ်အရောင်းဆိုင် ၄၈ ဆိုင်တို့က စုစုပေါင်းအလှူငွေကျပ် ၃၇၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)**(ယာပုံ)**နှင့် ဗဟိုအမှုဆောင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် စာအုပ်ဈေးပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကားပြောကြားပြီး စာအုပ်ဈေးပွဲတော် ပိတ်သိမ်းလိုက်ကြောင်း ကြေညာသည်။

၁၃၆၉ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် စာပေဗိမာန်စာအုပ်ဆိုင် အပါအဝင် စာအုပ်ဆိုင်ပေါင်း ၆၀ တို့က ဆိုင်ခန်းပေါင်း ၁၀၁ ခန်း ဖွင့်လှစ်၍ ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ကိုးရက်တိုင် စာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခဲ့ရာ ငွေကျပ် ၂၅၉၈၅၈၀၀ ခန့် ရောင်းချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သက်ငယ်တန်းတံခွန်စိုက် ရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co.,Ltd. တို့ပူးပေါင်းကျင်းပသည့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပထမအကြိမ် Denk Pharma Cup အမျိုးသား၊ အမျိုးသမီးသက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး(အား/ကာ)က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး T.T.O Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦးက အမှာစကားပြောကြားသည်။

အောင်နိုင်ဆု

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ

ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်များ၊ T.T.O Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦးနှင့် ဒါရိုက်တာများ၊ တာဝန်ရှိပုဂ္ဂိုလ်များက အသက်(၁၂)နှစ်အောက်၊ (၁၀) နှစ်အောက်နှင့် ရှစ်နှစ်အောက် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများ၊ မီတာ ၅၀x၄လွန်းပြန်အလွတ်ကူးပြိုင်ပွဲနှင့် လေးမျိုးကူးပြိုင်ပွဲများတွင် ဆုရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)က ရွှေလေးခုဖြင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ ရာဇာထွန်းထွန်း (ILBC) နှင့် ရွှေသုံးခု၊ ငွေတစ်ခုဖြင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ကေဇင်ဝင်း (ရန်ကုန်ရေကူးအသင်း)တို့အား ဆုတံဆိပ်နှင့် ငွေသား ကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် T.T.O Trading Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းဦးက ရမှတ် ၉၇ မှတ်ဖြင့် အသင်းလိုက် တတိယဆုရ ကုက္ကိုင်းအသင်းအား ဆုကြေးငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ရမှတ် ၂၆၄ မှတ်ဖြင့် အသင်းလိုက် ဒုတိယဆုရ ရန်ကုန် (က)အသင်းအား ဆုကြေးငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက ရမှတ်၃၁၂မှတ်ဖြင့် ပထမဆုရ (ILBC) အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

ကော်ဖီစိုက်ပျိုးရေး ပြင်ဦးလွင်နှင့်နောင်ချိုတွင် ရင်းနှီးမြှုပ်နှံ ပုဂ္ဂလိကကော်ဖီခြံကြီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကွင်းဆင်းမေးမြန်းရေးသားသူ - သူရဇော် ဓာတ်ပုံမှတ်တမ်း - ညီညီထွန်း(သတင်းစဉ်) စာမျက်နှာအပြင်အဆင် - ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၇

သင့်အနေဖြင့် ကော်ဖီကို မကြာခဏ သောက်ဖူးပါလိမ့်မည်။ မိမိကိုယ်တိုင် ကြိုက်နှစ်သက်သည်ပဲဖြစ်ဖြစ်၊ အပေါင်းအသင်းများ၊ အလုပ်ကိစ္စနှင့် အစည်းအဝေးများတွင်ပါမကျန် တွင်ကျယ်သော Tea Mix မဟုတ်သော Coffee ကို သင့်အနေဖြင့် အမှတ်တမဲ့ အမြဲတမ်း သောက်မိပါလိမ့်မည်။ သို့သော် ကော်ဖီ၏ အာနိသင်အရသာကိုမူ တွေးတောကြည့်ဖူးလိမ့်မည်မဟုတ်။ ကော်ဖီအချဉ်ဓာတ်နှင့် သင့်တင့်သော အခါးဓာတ်အရသာဖွဲ့စည်းမှု၊ ရနံ့သင်းပျံ့မှု တို့ကို ခံစားသိရှိနိုင်သည်။

စစ်မှန်သော Coffee တစ်ခွက် သောက်ရုံမျှဖြင့် နိုးကြားထက်မြက် စိတ်လက်လန်းဆန်း၊ စိတ်ကူးစိတ်သန်း ကောင်းလာစေသည့် အပြင် လှုပ်ရှား ရုန်းကန်ကြိုးပမ်းလုပ်ဆောင်နေရသော ဘဝအမောတွေ အတွက် ကော်ဖီတစ်ခွက် သောက်သုံးလိုက်ခြင်းဖြင့် စိတ်ဖြေလျော့မှု ရရှိပြီး ပြန်လည်လန်းဆန်း နိုးကြားလာစေနိုင်သည့်အပြင် ခန္ဓာကိုယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသက်ဝိညာဉ်ဆိုင်ရာများအတွက် ပျော်ရွှင်တက်ကြွဖွယ်၊ စိတ်ကူးယဉ်တွေးတောဖွယ်၊ ငြိမ်းအေးဖွယ်တို့ကို ထိတွေ့ခံစားရပါသည်။ ညင်သာသိမ်မွေ့စွာဖြင့် လူတို့၏ စိတ်ဘဝင်ကို သိမ်းပိုက်နိုင်စွမ်းလည်း ရှိသည်။

ကော်ဖီကို မြင့်မားသောတောင်ပေါ်ဒေသများနှင့် တောရိပ် စိမ့်စမ်းနေရာ ဒေသများတွင် စိုက်ပျိုးနိုင်သည်။ အထက်ဖော်ပြပါ နေရာဒေသများသည် မြန်မာနိုင်ငံအနှံ့အပြား၌ ရှိသည်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့

အရည်အသွေးကောင်းမွန်သော ကော်ဖီဆံများကို တွေ့ရစဉ်။

စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဌာန လက်အောက်ရှိ ပြင်ဦးလွင်မြို့ ကော်ဖီစက်ရုံနှင့် ကော်ဖီခြံများသို့ သွားရောက် လေ့လာစေ့ငုခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုး ဖြစ်ထွန်းသော ပြည်နယ်၊ တိုင်းများ၌ ကော်ဖီစိုက်ဧက ၅၃၇၅၉ ရှိသည့် အနက် အသီးခူးဧက ၂၀၆၅၆ ရှိပြီး ကော်ဖီစေ့ထွက်ရှိမှုမှာ ၄၉၂၃ မက်ထရစ်တန်ခန့်ဖြစ်၍ အထွက်နှုန်းမှာ တစ်ဧက ၀ ဒသမ ၂၃ မက်ထရစ်တန်နှုန်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆန်စပါး၊ ပဲ၊ ပြောင်းအပြင် ပြည်ပ ပို့ကုန်အမယ်သစ်များ ရှာဖွေရန်နှင့် ပြည်ပတွင် ဈေးကွက်ရှိနေသည့် ကော်ဖီအား ဖြစ်ထွန်းအောင်မြင်နိုင်သည့် ပြင်ဦးလွင် မြို့နယ်နှင့် နောင်ချို မြို့နယ်ကြားတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်မှု ပြုခဲ့သဖြင့် ပြင်ဦးလွင်မြို့နယ်တွင် ၅၉၂၄၂ ဧကနှင့် နောင်ချိုမြို့နယ်တွင် ဧက ၅၅၀၀၀ စုပေါင်း ၁၁၄၂၄၂ ဧကအား လျာထား ဖော်ထုတ်နိုင်ခဲ့ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ရင်းနှီးမြှုပ်နှံစိုက်ပျိုးကြရန် ဖိတ်ခေါ်ခဲ့ရာ ယခုအခါအောင်မြင်နေသော ပုဂ္ဂလိက ကော်ဖီခြံကြီးများ ဖြစ်ထွန်းလျက်ရှိသည်။

ရွှေပုစွန်ကော်ဖီခြံ မန်နေဂျာ
ဦးဝင်းအောင်

ပုဂ္ဂလိက စိုက်ပျိုးရေးခြံများအနက် ပွင့်ကောင်းနှင့် ခင်နွဲ့ရီ ကုမ္ပဏီ စိုက်ပျိုးရေးခြံသို့ သွားရောက် လေ့လာခဲ့ရာတွင် ရွှေပုစွန် ကော်ဖီခြံမန်နေဂျာ ဦးဝင်းအောင်က– **"ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် ၁၉၉၉ ခုနှစ်က စတင်ပြီး ကော်ဖီစိုက်ပျိုးခဲ့ပါတယ်။ စတင်စိုက်ပျိုးခဲ့စဉ်ကတော့ ဆီးနှင်းခါးဒဏ်ကြောင့် စိုက်ပျိုးဧက တစ်ဝက်နီးပါးဟာ ပျက်စီးခဲ့ရပါတယ်။ နောက်ပိုင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဌာနမှ နည်းစနစ်အကြံဉာဏ်များကို ရယူခဲ့ပါတယ်။ ပထမစိုက်ပျိုးခဲ့စဉ်က ကော်ဖီနှင့် အရိပ်ရပင်ကို တစ်ပြိုင်တည်း စိုက်ပျိုးသဖြင့် ရာသီဥတုဒဏ် (ဆီးနှင်းခါးဒဏ်)နှင့် ရောဂါပိုးမွှားကျရောက်ခြင်းတွေကို ကာကွယ်နိုင်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ ဒုတိယအကြိမ်မှာတော့ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဌာန ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနရဲ့ အကြံပေးချက်အရ အရိပ်ရပင် (ဝက်သစ်ချနှင့်ပင်လယ်ကသစ်)ကို အရင် စိုက်ပျိုးပါတယ်။ အပင်များအတွက် လိုအပ်တဲ့ ရေတွင်းရေကန်များကိုလဲ တူးဖော်ပါတယ်။ အရိပ်ရပင်စိုက်ပျိုးရာမှာ အကြီးမြန် အပင်တွေဖြစ်တဲ့ ဝက်သစ်ချနှင့် ပင်လယ်ကသစ်ပင်တွေကို စိုက်ပျိုးပါတယ်။ အရိပ်ရပင်များ ရှင်သန်ကြီးထွားလာပြီး ခြောက်လအကြာမှာ ကော်ဖီကို စိုက်ပျိုးပါတယ်။ ဒီအခါမှာ ကော်ဖီပင်တွေဟာ စိုက်ပျိုးသမျှ ရှင်သန်ကြီးထွားပြီး ရာသီဥတု (ဆီးနှင်းခါးဒဏ်) နှင့် ရောဂါပိုးမွှား**

ဦးဥက္ကာအောင်
လက်ထောက်ညွှန်ကြားရေးမှူး

ကျရောက်မှုတွေကို သိပ်ပြီး မခံစားရတော့ပါဘူး။ ကော်ဖီအပင် နှစ်နှစ်သားအထိတော့ ရာသီသီးနှံ (ပန်းနှမ်း)ကို သီးညှပ်အနေနဲ့ စိုက်တယ်။ ကော်ဖီအပင်သုံးနှစ်သားမှာတော့ အသီးဦးခြွေပေးရတယ်။ လေးနှစ်မှာစတင်ပြီး ကော်ဖီအသီးကို ခူးဆွတ်ရယူပါတယ်။ ကော်ဖီခူးဆွတ်မှုနှင့်ပတ်သက်ပြီး နည်းပညာတွေကိုလည်း ပြင်ဦးလွင်ကော်ဖီ သုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနက ပံ့ပိုးတဲ့နည်းပညာအတိုင်း ခူးဆွတ်တဲ့အတွက် အရည်အသွေး ကောင်းတွေ ရရှိခဲ့ပါတယ်။ ရရှိတဲ့ ကော်ဖီသီးတွေကို အခြမ်းခြောက်အဖြစ် ထုတ်လုပ်ပြီး ရန်ကုန်မှာပဲ ကော်ဖီမှုန့် ထုတ်လုပ်ပြီး ဒီနှစ် တန်ဆောင်တိုင်ပွဲတော်မှာ စတင်ပြီး ဖြန့်ဖြူးနေပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီကထုတ်လုပ်တဲ့ ကော်ဖီမှုန့်တွေကို ဝယ်ယူချင်တယ်ဆိုရင် ဒေါ်စန်းစန်းရီ ဖုန်း–၀၁–၂၂၇၁၇၁၊ ၂၂၂၃၀၅ တို့နဲ့ ဆက်သွယ်နိုင်ပါတယ်"ဟူ၍ ပြောကြားသည်။

ပြင်ဦးလွင်ကော်ဖီ သုတေသနနှင့် နည်းပညာ ပြန့်ပွားရေး ဗဟိုဌာနသို့ သွားရောက်လေ့လာခဲ့ရာ လက်ထောက် ညွှန်ကြားရေးမှူး ဦးဥက္ကာအောင်က **"ကော်ဖီ စီးပွားဖြစ် စိုက်ပျိုးမှုကို ၁၉၃၀ပြည့်နှစ်တွင် နောင်ချိုမြို့နယ် ချောင်းကွေ့ရွာ၌ ရှမ်းတောင်တန်း ကော်ဖီခြံအမည်ဖြင့် စတင်လုပ်ကိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ချောင်းကွေ့ခြံဟု အမည်တွင်ခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ပြည်တွင်း ကော်ဖီမျိုး ခြောက်မျိုး ရှိပါတယ်။ ၎င်းမျိုးတွေဟာ ရောဂါဒဏ် ခံနိုင်စွမ်း၊ ရေငတ်ခံနိုင်မှု၊ သံဦးမှိုရောဂါ စသည့်ကော်ဖီပင်၏ ခံနိုင်မှုစွမ်းတွေဟာ တဖြည်းဖြည်းကျဆင်းလာတာကြောင့် ၂၀၀၄ခုနှစ်မှ ပြည်ပက နိုင်ငံခြားမျိုး ၂၂မျိုးကို မှာယူတင်သွင်းပြီး ပြည်တွင်း ရာသီဥတု၊ ရေမြေတို့နှင့် ကိုက်ညီမှုရှိပြီး ကော်ဖီ အရည်အသွေး ကောင်းရရှိစေရန်အတွက် သုတေသန ပြုလုပ်နေပါတယ်။ ကော်ဖီပင်ဟာ နှစ်ရှည်ပင်ဖြစ်တဲ့အတွက် သုတေသနလုပ်ဆောင်ရာမှာ ခြောက်နှစ်မှ ၁၆နှစ်ကြားရှိ မျိုးကိုသာ Recormadition ပေးနိုင်ပါတယ်။ မျိုးကောင်း မျိုးသန့် ကော်ဖီပင်တွေကို အာမခံပေးခြင်းနှင့် အတူရောဂါကင်း ထောက်ခံမှုတွေကိုပါ ပြုလုပ်နေပါတယ်။ FAO နှင့်ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံ ရေမြေ တောတောင် ရာသီဥတုနှင့် ကိုက်ညီမယ့် မျိုးသစ်များ တင်သွင်းခြင်း၊ ရောဂါကာကွယ်ခြင်း၊ အထွက်နှုန်း တိုးတက်ပြီး အရည်အသွေးကောင်း ကော်ဖီထွက်ရှိအောင် သုတေသနပြု ဆောင်ရွက်နေပါတယ်"**ဟူ၍ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားခဲ့သည်။

အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီပျိုးပင်များကိုလည်း ဤသို့တွေ့ရသည်။

ပြင်ဦးလွင်မြို့ မန္တလေး–လားရှိုး လမ်း အမှတ်(၁၅၇–ခ)တွင် တည်ရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ပြင်ဦးလွင် ကော်ဖီစက်ရုံသို့ သွားရောက်လေ့လာရာတွင် ဒုတိယအထွေထွေမန်နေဂျာ ဦးလှမြင့်က **"ပြင်ဦးလွင် ကော်ဖီ စက်ရုံဟာ ပြည်တွင်းထွက် ကော်ဖီစေ့ကုန်ကြမ်းများကို အသုံးပြုပြီး ကော်ဖီမှုန့်များကို ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ထုတ်လုပ်ရရှိတဲ့ ကော်ဖီမှုန့်များကို ပြည်သူလူထု သောက်သုံးရန်အတွက်လည်း**

ဦးလှမြင့်
ဒုတိယအထွေထွေမန်နေဂျာ

ကောင်း၊ တပ်မတော် ရိက္ခာအတွက်လည်းကောင်း ရောင်းချပေးသွင်းပါတယ်။ ပြင်ဦးလွင် ကော်ဖီစက်ရုံအနေဖြင့် ပြည်တွင်းထွက် ကုန်ကြမ်း အသစ်များကို ဌာနပိုင်ကော်ဖီခြံများမှာလည်းကောင်း၊ ပုဂ္ဂလိက တောင်သူများထံသို့လည်းကောင်း ဖြန့်ဝေစိုက်ပျိုးပါတယ်။ ၎င်းမှ ထွက်ရှိလာသော ချီကိုရီ ဥခြောက်များကို ပြန်လည်ဝယ်ယူရရှိပါတယ်။ စက်ရုံအတွက် တစ်နှစ်ကို အစစ်ကော်ဖီမှုန့် ပေါင်သုံးသိန်းထုတ်လုပ်နိုင်ရန် လက်ရွေးစင်ကော်ဖီစေ့ တန်၁၈၀နှင့် ပြင်သစ်ကော်ဖီမှုန့်ပေါင်နှစ်သိန်းထုတ်လုပ်နိုင်ရန် လက်ရွေးစင်ကော်ဖီစေ့ ၇၂တန်၊ ချီကိုရီ ဥခြောက် တန်၆၀ လိုအပ်ပါတယ်။ ကော်ဖီစက်ရုံက ကော်ဖီမှုန့်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းအပြင် ကော်ဖီ အငှားလှော်ပေးခြင်းလုပ်ငန်းကို ကော်ဖီ စိုက်သူများအနေဖြင့် ကုန်ကြမ်း ကော်ဖီ စေ့အစိမ်း(Green Bean)ကို ထုတ်လုပ် ရောင်းချသည်ဖြစ်စေ၊ ကုန်ချော ကော်ဖီမှုန့် (Pure Coffee)ကို ထုတ်လုပ်ရောင်းချ သောက်သုံးသည်ဖြစ်စေ အရည်အသွေးအဆင့်အတန်းမီဖြစ်မှသာလျှင် အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်းကို ယုံကြည်လက်ခံလာစေရန်ရည်ရွယ်၍ ၎င်းတို့ခြံထွက် ကော်ဖီစေ့များကို စက်ရုံတွင် အငှားလှော်ပေးခြင်း ဖြစ်ပါတယ်။ ပြင်ဦးလွင် ကော်ဖီစက်ရုံမှ(Golden Lion) တံဆိပ်ဖြင့် ထုတ်လုပ်သော ကော်ဖီမှုန့်အမျိုးမျိုး များကိုသာ အသုံးပြုပြီး မလိုလားအပ်တဲ့ အခြား ပစ္စည်းများ ရောနှောခြင်း၊ ဓာတ်ပစ္စည်းများ ထောက်ကူခြင်းမပြုဘဲ လူတိုင်းသောက်သုံးနိုင်သော သဘာဝ ကော်ဖီမှုန့် စစ်စစ်ကိုသာ ထုတ်လုပ်ဖြန့်ဖြူးပေးပါတယ်။ ပြည်ပဈေးကွက် ရရှိလာပါကလဲ ၎င်းတို့စိတ်ကြိုက် မှာယူသည့် အရည်အသွေးသတ်မှတ်ချက်အတိုင်း ထုတ်လုပ်တင်ပို့နိုင်ရန် စီစဉ်ထားပါတယ်။ စက်ရုံ အနေဖြင့် ယခုလက်ရှိ အစစ်ကော်ဖီမှုန့်နှင့် ပြင်သစ်ကော်ဖီမှုန့် နှစ်မျိုးကို ထုတ်လုပ်နေပါတယ်။ တစ်နှစ်ကို အစစ်ကော်ဖီမှုန့် ပေါင်သုံးသိန်းနှင့် ပြင်သစ်ကော်ဖီမှုန့်ပေါင်နှစ်သိန်းကို ထုတ်လုပ်နိုင်ပါတယ်။ စက်ရုံအတွက် လိုအပ်သော ကော်ဖီစေ့ ကုန်ကြမ်းကို ဌာနပိုင် ကော်ဖီခြံနှင့်ပုဂ္ဂလိက တောင်သူများထံမှ ဝယ်ယူ တင်သွင်းပါတယ်။ ပြင်သစ် ကော်ဖီမှုန့်အတွက် လိုအပ်သော ချီကိုရီ ဥခြောက်များရရှိရန် ချီကိုရီမျိုးစေ့ သည် အရောအနှောမပါ ကော်ဖီစစ်စစ်ကိုသာ အသုံးပြုထုတ်လုပ်ထားသဖြင့် ကော်ဖီစစ်စစ်၏ အရသာကို ကြိုက်နှစ်သက်သော ကော်ဖီသောက်သုံးသူများ၏ ယုံကြည်နှစ်ခြိုက်မှုကို ရရှိနေပါတယ်"ဟု ပြောကြားသည်။

ကော်ဖီစိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ပြည်သူတို့၏ ကျန်းမာရေးကို အထောက်အကူ ဖြစ်စေသည်သာမက နိုင်ငံ၏ နိုင်ငံခြား ဝင်ငွေကို တိုးတက်ရရှိစေမည်။



အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီသီးများ။

ကော်ဖီသောက်သုံးခြင်းဖြင့် အိပ်ချင်ပြေ၊ အဆာပြေနိုးကြားလန်းဆန်းမှု ဖြစ်စေသည့်အပြင် ကင်ဆာရောဂါကိုပါ ကာကွယ်နိုင်သဖြင့် ယခုအခါ ကော်ဖီ သောက်သုံးသူများ တိုးပွားများပြားလျက်ရှိသည်။ ထို့ကြောင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ပြည်သူတို့၏ကျန်းမာရေးကိုအထောက်အကူဖြစ်စေသည်သာမက နိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို တိုးတက်ရရှိစေမည်ဖြစ်သဖြင့် **"သား ရွှေအိုးထမ်းလာသည်"**ဟူသော စကားအတိုင်း ကော်ဖီ စိုက်ပျိုးခြင်းကို ယခုထက်ပိုမိုတိုးချဲ့စေရန် တိုက်တွန်းရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)



အမှတ်(၁၀၇၅) သင်တန်းသား ဖြိုးသီဟလွင်တို့အား ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများ အား မိန့်ခွန်းပြောကြားသည်။

[ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မိန့်ခွန်းအပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။]

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြအခမ်း အနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားသုံးဦးနှင့် ၎င်းတို့၏မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုသြဝါဒစကား ပြောကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

သင်တန်းတပ်ခွဲများ စစ်ဆေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သင်တန်းတပ်ခွဲ များကို စစ်ဆေးစဉ်။

(သတင်းစဉ်)

❒ ကျော်ဖုံးမှ

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

သင်တန်းတပ်ခွဲစစ်ဆေး

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲ များကို စစ်ဆေးသည်။

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြု ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်သူနာပြု နှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ်(၁၀၃၆) သင်တန်းသား ညီညီအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၁၀၄၉) သင်တန်းသား ဝေဖြိုးအောင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား

သြဝါဒစကား ပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမ ဆောင်၌ ထူးချွန်ဆု ရရှိကြသည့် သင်တန်းသားသုံးဦးနှင့် မိဘများအား ဂုဏ်ပြုသြဝါဒစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်း ကျောင်း၏ ပညာရေးစုံညီပွဲတော် နှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မူလတန်းဆင့် သူငယ်တန်း ထူးချွန်ပထမဆုရ မောင်စည်သူ ထွန်းအား ကျောင်းအုပ်ဆရာမ ကြီး ဒေါ်ခင်မေဦးက ဆုချီးမြှင့် စဉ်။

(က–ပ)

ဇန်နဝါရီ ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့ သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဖတ်ကြားစဉ်။

(က–ပ)

MRTV-4
ရုပ်မြင်သံကြား အစီအစဉ်

၈–၁–၂၀၀၈(အင်္ဂါနေ့)

AM & PM

၇း၀၀ – ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅	**“မမြင်ရသောကြိုး”** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀ – ၂း၀၀	ကြည်ညိုပူဇော် ဗုဒ္ဓပူဇနိယ ပွဲတော်(တွံတေးရွှေဆံတော်)
၈း၂၅ – ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ – ၂း၃၀	Sunday Talk
၉း၂၅ – ၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ – ၃း၃၅	ကရင်ရိုးရာဝတ်စားဆင်ယင်မှု
၉း၄၀ – ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ – ၃း၄၅	Biz Net
၁၀း၀၀ – ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ – ၄း၀၅	သစ်သီးပင်မျိုးပွားနည်းများ
၁၀း၂၀ – ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ – ၄း၂၅	မင်းမသိသေးပါဘူးကွာ (ကြူကြူသင်း၊ ၄က်ပျော ကြော်၊ ဧရာ၊ အေးအေးခိုင်)
၁၀း၃၅ – ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ – ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ – ၄း၅၀	တောင်ကလေးတွင်ကမ္ဗည်းတင်
၁၁း၂၅ – ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ – ၅း၃၀	Shopping Guide (အမရာဒေဝီ)
၁၁း၅၅ – ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ – ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ – ၆း၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ “ရန်နိုင်(၂၄)”
၁၂း၃၅ – ၆း၃၅	Music Gallery(ဆာလာအိပ်)
၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒုတိယတပ်မတော်[...] တပ်မတော်သူနာပြု[...]

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပ[...] နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး[...]

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအ[...] အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်[...] သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်[...] နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် [...] ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီ[...] ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗို[...] မြင့်အောင်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေ[...] ဗိုလ်ချုပ်လှဌေးဝင်းနှင့် ၎င်းတို့၏ဇနီးများ၊ အစိ[...] ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြ[...] ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလ[...] ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အ[...] ကထိကဌာနမှူးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမ[...] တက်ရောက်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီး[...] မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့နှင့်[...] အကများဖြင့် ဖျော်ဖြေကြသည်။

တက်ရောက်

တပ်မတော်သူနာပြုနှင့်ဆေးဘက် ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြ သူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ရုလဒ်ကိုအခြေခံသော ခေါင်းဆေ[...]

ရန်ကုန် ဇန်နဝါရီ [...]

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မ[...] အသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ဧရာဝတီ ငါးသားဖေ[...] မှုတို့ဖြင့် ဇန်နဝါရီ ၁၂ရက် (စနေနေ့) မွန်းလွဲ ၂ [...] အနောက်ကြို့ကုန်း ဘုရင့်နောင် လမ်းမကြီးရှိ မြန်မ[...] သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခဒေါက်တာအော[...] အခြေခံသော ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် ပေ[...] ဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း[...]

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကဌာနမှူးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေ

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆိုအကများဖြင့် ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

တက်ရောက်

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ပြန့်ပွားစေရန်နှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ နှလုံးစိတ်ဝမ်း အေးချမ်းကြစေရန် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒကိုခံယူကာ နာယကဆရာတော်ကြီးများနှင့် ဂေါပကလူကြီးများ၊ စေတနာရှင်များ ပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၈)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ ၁၀ ရက် တိုင်တိုင် ပူဇော်ကြမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၁-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ခရမ်းချောင်းတံတား
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use.
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာပထမနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၇:၅၀ ၈။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၉:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၃)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း-၁၅)

မိတ္ထီလာ တပ်မတော်ကလေးများ အထက်တန်းကျောင်းအာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၇

မိတ္ထီလာ တပ်မတော်ကလေးများ အထက်တန်းကျောင်း (ယခု အထက-၃)တွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၂ရက်(စနေနေ့) နံနက် ၈နာရီတွင် အမှတ် ၁၈၅ ဓမ္မစေတီလမ်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက် စိန်တိုးဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးကျော်ညွန့် ဖုန်း-၀၉-၈၀-၃၁၀၁၄၊ ကိုဇော်နေဝင်း ဖုန်း-၂၁၂၁၉၆၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း-၂၁၅၅၀၁/၀၂၊ ကိုသန်းထိုက် ဖုန်း-၂၁၁၃၀၉နှင့် ကိုသောင်းဟန် ဖုန်း-၅၉၀၅၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၁၉၇၇ ဘီအေဂျီဘွဲ့ရများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ၁၉၇၇ ခုနှစ် (နိုဝင်ဘာ)ဘီအေဂျီဘွဲ့ရများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများအား သီးခြားဂါရဝပြုပွဲကို ဖေဖော်ဝါရီ ၁ရက် ညနေ ၆ နာရီတွင် ပတ္တမြားရတုခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မပျက်မကွက် လာရောက်ကြရန်နှင့် ဦးသင်းအောင် ဖုန်း-၀၉-၂၀၀၄၆၃၂၊ ဦးတင်ဦး ဖုန်း-၀၉-၅၁၂၉၃၈၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၁၅၅၉၃၆၊ ဒေါ်အေးအေးမာ ဖုန်း - ၀၉-၅၀၂၄၆၄၉၊ ဒေါ်ခင်စန်းမြင့်(ဒေါ်ရှီလာ) ဖုန်း-၀၉-၅၁၆၃၈၉၀၊ ဒေါ်ရွှေရွှေ ဖုန်း- ၀၉-၅၁၄၄၂၄၆၊ဒေါ်အေးအေး ဖုန်း-၀၉ -၅၁၄၁၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရလဒ်ကိုအခြေခံသော ခေါင်းဆောင်မှုဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ဧရာဝတီ ငါးသားပေါက်လုပ်ငန်း၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဇန်နဝါရီ ၁၂ရက် (စနေနေ့) မွန်းလွဲ ၂ နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင် လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ရလဒ်ကိုအခြေခံသော ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စိုင်ခြိုကျေးရွာအုပ်စု နဂါးတောင်ရှိ ရွှံ့မီးတောင် ပေါက်ကွဲမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၇

ကျောက်ဖြူမြို့နယ် စိုင်ခြိုကျေးရွာအုပ်စုအရှေ့ဘက် တစ်မိုင်ခန့်အကွာ နဂါးတောင်တွင် ဇန်နဝါရီ ၅ ရက် နံနက် ၁၁နာရီ၄၅မိနစ်ခန့်က ရွှံ့မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အဆိုပါရွှံ့မီးတောင်ပေါက်ကွဲစဉ် ပေါက်ကွဲသံမြည်ဟည်းသွားပြီး မီးလျှံများနှင့်အတူ ချော်ရည်များပန်းထွက်ခဲ့ရာ မီးလျှံမှာ အမြင့်ပေ ၃၀၀ ခန့်အထိ မြင့်တက်သွားခဲ့ပြီး ပေါက်ကွဲမှုမှာ မွန်းတည့် ၁၂ နာရီခန့်တွင် ငြိမ်သက်သွားခဲ့သည်။ ထို့ပြင် မွန်းလွဲ ၁၂နာရီ ၂၅မိနစ်ခန့်တွင် ပထမပေါက်ကွဲသည့်မီးတောင်၏ တောင်ဘက် ကိုက်၁၅၀ခန့်အကွာတွင် ဒုတိယမီးတောင်တစ်ခုမှ မီးခိုးများ၊ ချော်ရည်များ အပေါ်သို့ ၂၅ပေခန့် ပန်းထွက်လာပြီး ပြန်လည်ငြိမ်သက်သွားသည်။ ယင်းနောက် ပထမမီးတောင်မှပင် ထပ်မံပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ မြည်ဟီးသံများနှင့်အတူ မီးတောက်မီးလျှံများ၊ ချော်ရည်များပန်းထွက်လာပြီး မီးလျှံများမှာ အမြင့်ပေ ၂၅၀ခန့်အထိ မြင့်တက်ခဲ့ကာ မွန်းလွဲ ၁၂နာရီခွဲတွင် ပေါက်ကွဲမှု ငြိမ်သက်သွားခဲ့သည်။

ချော်ရည်များဖုံးလွှမ်း

မီးတောင်ပေါက်ကွဲမှုကြောင့် လူ၊ ကျွဲ၊ နွားနှင့် တိရစ္ဆာန်များ သေဆုံးပျက်စီးမှုမရှိဘဲ မီးတောင်ဝန်းကျင်၌ အချင်းဝက် ပေ၂၀၀ပတ်လည်ခန့် ချော်ရည်များဖုံးလွှမ်းသွားကြောင်း သိရသည်။ (သတင်းစဉ်)

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအဆင့် လက်ရည်စစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ပြိုင်ပွဲ မကွေးမြို့ ဖန်ခါးမြေ ဂေါက်ကလပ်၌ကျင်းပ

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအဆင့်လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Qualify Round)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၅ရက် နံနက်၆နာရီခွဲက မကွေးမြို့ရှိ ဖန်ခါးမြေ ဂေါက်ကလပ်၌ ကျင်းပရာ သန်းနိုင်ဦးက ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် တီခုံ(၁)၌နေရာယူကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ဌေးအောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးကြီးသိန်းကြည်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးနှင့် International Beverages Trading Co.,Ltd. မှ PR မန်နေဂျာ ဦးရဲတင့်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ လက်ရည်စစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့၁၈ကျင်းပြိုင်ပွဲအပြီးတွင် သန်းနိုင်ဦးက Nett Total ၆၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ သိန်းရွှေ၊ တင်လင်းကို၊ မြတ်သူ၊ ဇော်ဝင်း၊ စိုးမိုးသွင်နှင့် စိုးလွင်ဦးတို့က Nett Total အချက်(၇၀)စီဖြင့် ဒုတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.,Ltd. က ဖြစ်ပြီး Co.Sponsors များအဖြစ် Dusit Inay Lake, Srixon နှင့် Alpine (Purified Drinking Water) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပြန်လည်ခုခံသည့် မူးယစ်ရမ်းကားသူ အရေးယူခံရ

ရန်ကုန် ဇန်နဝါရီ ၇

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဗီးအုံကုန်းလမ်း အမှတ်၁၂၇ နေအိမ်ပေါ်သို့ ဇန်နဝါရီ၅ ရက် ညနေ ၄ နာရီခွဲခန့်တွင် စောမလျှံ(ခ)စောတိုက် (၄၀)နှစ် (ဘ)ဦးစောလှချစ် အမှတ် ၁၆၃ ဗီးအုံကုန်းလမ်း နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူမှ အရက်သောက်စားပြီး ကျူးကျော်တက်ရောက် ရမ်းကားနေကြောင်း အိမ်ရှင်ဖြစ်သူ စိုးပိုင်(၃၇)နှစ် (ဘ)ဦးဘိုတိုးက အင်းစိန်မြို့နယ် အမှတ်(၃) ရဲကင်းသို့ တိုင်ကြားလာခဲ့သည်။

ပြန်လည်ခုခံ

ရဲကင်းမှူး ဒုရဲအုပ်လှအောင်နှင့်အတူ ရဲတပ်ကြပ်ခင်ဇော်ဗိုလ်၊ ရဲတပ်ကြပ်ကျော်စွာမြင့်တို့က သွားရောက်ဖမ်းဆီးခဲ့ရာ စောမလျှံ(ခ) စောတိုက်မှ အသာတကြည် အဖမ်းမခံဘဲ ဝါးရင်းတုတ်ဖြင့် ပြန်လည်ခုခံ ရန်ပြုခဲ့သဖြင့် ရဲတပ်ကြပ်ကျော်စွာမြင့်၏ ယာလက်ခုံ၊ ယာလက်ချောင်းများ ဖူးရောင်ညိုမည်း ပွန်းပဲ့ဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ နေအိမ်ပေါ် ကျူးကျော်ဖျက်ဆီးမှုနှင့် တာဝန်အရ ဆောင်ရွက်သည့် ရဲတပ်ဖွဲ့ဝင်များအား ခုခံရိုက်နှက်သူ စောမလျှံ(ခ)စောတိုက်အပေါ် အင်းစိန်ရဲစခန်းမှ (ပ)သတင်းချက် အမှတ် ၄၂/၂၀၀၈ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၅၂နှင့် ပုဒ်မ ၃၃၃ဖြင့်အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

(သတင်းစဉ်)

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ဘင်နီတက်ဇ်နှင့် လီဗာပူးတို့ရဲ့အနာဂတ်

ရေးသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၇

အက်ဖ်အေဖလား တတိယအဆင့် ရှုံးထွက်ပွဲစဉ်တွေကို ဇန်နဝါရီ ၅ရက်နဲ့ ၆ရက်တွေမှာ ကစားခဲ့တဲ့အခါ မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ နိုင်ပွဲရပြီး အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ နောက်တစ်ဆင့်ကို လွတ်လွတ်ကျွတ်ကျွတ်တက်ရောက်သွားကြပေမယ့် လီဗာပူးက လူတန်အသင်းကို တစ်ဂိုးစီ သရေဖြစ်ခဲ့တာကြောင့် နောက်တစ်ဆင့်တက်ဖို့ မှုန်ဝါးနေဆဲဖြစ်ပါတယ်။

ဝေဖန်ပြစ်တင်

ဒီလို လူတန်အသင်းကို သရေပွဲဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး လီဗာပူး အသင်းပိုင်ရှင်တွေက နည်းပြဘင်နီတက်ဇ်အပေါ် ဒေါသအိုးပေါက်ကွဲနေပါတယ်။ လူတန်နဲ့ကစားတဲ့နေ့က လီဗာပူးကစားသမားတွေ အမှားအယွင်း လုပ်ခဲ့တာတွေ၊ လူတန်လိုအသင်းကို ခက်ခက်ခဲခဲ ကစားခဲ့ရတာတွေနဲ့ ပတ်သက်ပြီး ဘင်နီတက်ဇ်အပေါ် ဝေဖန်ပြစ်တင်နေကြပါတယ်။

အကြံပြု

လီဗာပူးအသင်း ပိုင်ရှင်တွေဟာ ဘင်နီတက်ဇ်ရဲ့ အလှည့်ကျဘောလုံးသမားထုတ်သုံးမှုစနစ်ကို ဘဝင်မကျတာမို့ ပြောင်းလဲဖို့ အရင်ကတည်းက ဘင်နီတက်ဇ်ကို အကြံပြုခဲ့ပါတယ်။ အသင်းပိုင်ရှင်တွေက ဘင်နီတက်ဇ် အလုပ်ကို ဝင်စွက်ဖက်တဲ့ သဘောမဟုတ်ပေမယ့် အသင်းရလဒ်တွေ ကောင်းစေဖို့အတွက် အကြံပြုတာပါလို့ ဆိုတဲ့အချက်ကို ဘင်နီတက်ဇ်က လုံးဝလက်မခံခဲ့ပါဘူး။

ဘင်နီတက်ဇ်အနေနဲ့ကတော့ နည်းပြတစ်ယောက်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ကို အသင်းပိုင်ရှင်တွေ လေးစားသင့်တယ်လို့ ဆိုခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ် ပရီမီယာလိဂ် ဘောလုံးရာသီ စကတည်းက အလှည့်ကျကစားတဲ့စနစ်ကို တောက်လျှောက်ကျင့်သုံးလာခဲ့တာဟာ အခု အက်ဖ်အေပွဲအထိ မပြောင်းလဲခဲ့ပါဘူး။

ဝေဖန်ပြစ်တင်

ဒါကြောင့် အခုလို အက်ဖ်အေနောက်တစ်ဆင့်တက်ဖို့ ထပ်ပြီးရုန်းကန်ကြိုးစားရမယ့်အဖြစ်၊ ပြိုင်ဘက်ထိပ်တန်းအသင်းကြီးတွေ အက်ဖ်အေနောက်တစ်ဆင့်တက်ပြီး အေးအေးလူလူ ရှိနေချိန်မှာ လီဗာပူးတို့က စိုးရိမ်သောကတွေ ပွားနေရတဲ့အဖြစ်တွေဟာ မဖြစ်သင့်တဲ့ ဖြစ်ရပ်တွေလို့ အသင်းပိုင်ရှင်တွေက ဝေဖန်ပြစ်တင်နေကြပါတယ်။

တုံ့ပြန်ပြောကြား

ဒါကြောင့်မို့လို့ လီဗာပူးနည်းပြအဖြစ် ဘင်နီတက်ဇ်ရဲ့ အနာဂတ်ကို မိမိတို့ အာမခံ၊ မခံနိုင်တော့ဘူးလို့ ပြောကြားလိုက်တာကြောင့် ဘင်နီတက်ဇ်လည်း ဒေါသထွက်နေပါတယ်။ မိမိတို့ဟာ လီဗာပူးအသင်း တိုးတက်ဖို့၊ အောင်မြင်ဖို့ အတူတကွ ပူးပေါင်းကြိုးစားသွားရမှာ ဖြစ်ပေမယ့် အခုလို အစွန်းရောက် ပြောကြားမှုတွေဟာ အသင်းရဲ့ အောင်မြင်မှုကို အများကြီး ထိခိုက်စေတယ်လို့ ဘင်နီတက်ဇ်က တုံ့ပြန်ပြောကြားလိုက်ပါတယ်။

အောင်မြင်မှု

မိမိဟာ လီဗာပူး အသင်းနဲ့ လီဗာပူးပရိသတ်တွေကို သံယောဇဉ်ရှိကြောင်း၊ လီဗာပူးအသင်း အောင်မြင်မှုတွေရရှိအောင် ကြိုးစားပေးနေကြောင်း၊ နည်းပြတစ်ဦးရဲ့ အလုပ်ကို တာဝန်ကျေအောင် လုပ်နေကြောင်း ဘင်နီတက်ဇ်က ပြောကြားနေပါတယ်။

စိတ်ဝင်စားစရာကောင်း

လောလောဆယ်မှာ အက်ဖ်အေနောက်တစ်ဆင့်တက်ဖို့ အာရုံစိုက်နေ

စိတ်ဝင်စားဖွယ် ကောင်းလာသော ဘင်နီတက်ဇ်ရဲ့ အနာဂတ်။
(အင်တာနက်ဓာတ်ပုံ)

တဲ့ ဘင်နီတက်ဇ်ဟာ သူ့ရဲ့ အနာဂတ်ကိုလည်း စဉ်းစားနေရပြီ ဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးနဲ့ ဘင်နီတက်ဇ်တို့ အနာဂတ်ဟာ စိတ်ဝင်စားဖွယ်ကောင်းနေပါကြောင်း။ ။

ဘက်ခမ်းအား အင်္ဂလန်အသင်းအတွက်ခေါ်ယူရန် နည်းပြသစ် ကာပယ်လိုအား အဲရစ်ဆင်တိုက်တွန်း

ဒေးဗစ်ဘက်ခမ်းအား အက်ဖ်အေ အားကစားကလောင်ရှင်များက ချီးမြှင့်ပေးအပ်သော ဆုနှင့်အတူ တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

လန်ဒန် ဇန်နဝါရီ ၇

လာမည့်လ အင်္ဂလန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ချစ်ကြည်ရေး ကစားရာ၌ ဒေးဗစ်ဘက်ခမ်းကို ခေါ်ယူသင့်ကြောင်း အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်က အင်္ဂလန်နည်းပြသစ် ကာပယ်လိုအား တိုက်တွန်းလိုက်သည်။

ပွဲပေါင်း၉၉ပွဲ

ဘက်ခမ်းသည် အင်္ဂလန်အသင်း၌ ပွဲပေါင်း၉၉ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။ ပွဲ၁၀၀ပြည့်ရန် တစ်ပွဲသာလိုတော့သည်။ သို့သော်လည်း ဝင်ဘလေကွင်း၌ ဆွစ်ဇာလန်အသင်းနှင့် ချစ်ကြည်ရေးကစားမည့် ပြိုင်ပွဲအတွက် ဘက်ခမ်းအား ရွေးချယ်ထားခြင်း မရှိသေးချေ။

လေ့ကျင့်နေပြီ

ယခုအခါ အယ်လ်အေဂလက်ဆီ ကွင်းလယ်ကစားသမား ဘက်ခမ်းသည် ကာပယ်လိုခေါ်ယူရန် အသင့် ဖြစ်ရေးအတွက် အာဆင်နယ်အသင်းနှင့်အတူ လေ့ကျင့်နေပြီဖြစ်သည်။

ပြောကြား

မိမိအနေဖြင့် ကာပယ်လိုအား ဘက်ခမ်းကို အနည်းဆုံး တစ်ကြိမ်ခေါ်ယူ ကစားရန် ဖုန်းဆက်ပြောကြားခဲ့ကြောင်း ဆွီဒင်နိုင်ငံသား အဲရစ်ဆင်က ပြောကြားသည်။ ဘက်ခမ်း၏ အယ်လ်အေဂလက်ဆီကလပ်သည် ယခုအခါ ရာသီကုန်ဆုံးသွားပြီ ဖြစ်သည်။

အသင့်ဖြစ်နေ

အာဆင်နယ်အသင်းနှင့်အတူ လေ့ကျင့်နေသော ဒေးဗစ်ဘက်ခမ်းက မိမိအနေဖြင့် ကာပယ်လို၏ ပထမဆုံးသော အင်္ဂလန်အသင်းပြိုင်ပွဲအတွက် ပါဝင်ကစားပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အသက် ၃၂နှစ်ရှိပြီဖြစ်သော ဒေးဗစ်ဘက်ခမ်းသည် အက်ဖ်အေ အားကစားကလောင်ရှင်များအသင်းက ချီးမြှင့်ပေးအပ်သော အားကစားဆုကိုလည်း မကြာမီက ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ကာပယ်လိုအား အင်္ဂလန်နည်းပြခန့်ခဲ့သည့်အတွက် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ ဝေဖန်ပြောကြား

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ (ဝဲပုံ) **နှင့် အင်္ဂလန်နည်းပြသစ် ကာပယ်လို။**
(အင်တာနက်ဓာတ်ပုံ)

လန်ဒန် ဇန်နဝါရီ ၇

အင်္ဂလန်အသင်းနည်းပြအဖြစ် နိုင်ငံခြားသားနည်းပြအား ခန့်အပ်ခဲ့၍ အင်္ဂလန်အသင်းအတွက် တုန်လှုပ်အံ့သြမိကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ဝေဖန်ပြောကြားလိုက်သည်။

စည်းမျဉ်းချိုးဖောက်

ယခုအခါ နည်းပြကာပယ်လိုသည် အင်္ဂလန်နည်းပြတာဝန်ကို စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။ ကာပယ်လိုစတင် တာဝန်ထမ်းဆောင်သည့်နေ့မှာပင် ဆပ်ဘလတ္တာက **"အင်္ဂလန်အသင်းသည် နိုင်ငံတကာဘောလုံးစည်းမျဉ်းကို ချိုးဖောက်နေကြောင်း"**ပြောကြားလိုက်သည်။

မိမိအနေဖြင့် အီတလီ၊ ဂျာမနီ၊ ဘရာဇီး သို့မဟုတ် အာဂျင်တီးနားအသင်းတို့တွင် အခြားနိုင်ငံမှ နည်းပြလုပ်သည်ကို တစ်ကြိမ်မျှမတွေ့ရကြောင်း ဘလတ္တာက ပြောကြားသည်။

နိုင်ငံသားနည်းပြ

အကောင်းဆုံးအသင်း အများစုသည် နိုင်ငံသားနည်းပြ ရှိကြကြောင်း၊ နိုင်ငံလက်ရွေးစင်အသင်းများအတွက် နိုင်ငံသားနည်းပြများကိုသာ ခန့်ထားသင့်ကြောင်း အသက် ၇၁နှစ်ရှိ ဆပ်ဘလတ္တာက ပြောကြားသည်။

တိုးတက်အောင်လုပ်သင့်

အင်္ဂလန်ပရီမီယာလိဂ်တွင် နိုင်ငံခြားသားနည်းပြနှင့် နိုင်ငံခြားသားကြေးစားဘောလုံးသမား ပိုမိုများပြားနေခြင်းသည် နိုင်ငံတကာပြိုင်ပွဲတွင် အင်္ဂလန်အသင်း အကျပ်တွေ့စေသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း၊ အင်္ဂလိပ်ကစားသမားများနှင့် နည်းပြများသည် ကလပ်အဆင့်တွင် တိုးတက်အောင် လုပ်သင့်ကြောင်း ဆပ်ဘလတ္တာက ပြောကြားသည်။

အသက်၆၁နှစ်ရှိ ကာပယ်လိုသည် ဆွီဒင်လူမျိုးနည်းပြ အဲရစ်ဆင် ငါးနှစ်ခွဲကြာ အင်္ဂလန်အသင်းနည်းပြတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အင်္ဂလန် အသင်းအတွက် ဒုတိယမြောက် နိုင်ငံခြားသားနည်းပြဖြစ်လာသူဖြစ်သည်။

(အင်တာနက်)

စုစည်းတင်ပြသူ-မြင့်မောင်စိုး

နိုင်ငံတကာမှုခင်း

ကျွန်စနစ်ကို အသက်ပြန်သွင်းလိုသည့် ဘီလီယံနာ ဇနီးမောင်နှံ၏ ဇာတ်သိမ်း

နယူးယောက်မြို့သည် အမေရိကန်နိုင်ငံအရှေ့ပိုင်း အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းရိုးတန်းတွင် တည်ရှိသောမြို့ကြီး ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် လူဦးရေထူထပ်သိပ်သည်းပြီး ကုန်သွယ်ရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးတစ်မြို့ ဖြစ်သည်။

တွေ့ဆုံပေါင်းဖက်

နယူးယောက်မြို့တွင် ဒေသခံနိုင်ငံသားများသာမက ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များပါ သွားရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည်။ ထိုအထဲတွင် မဟင်ဒါမာလစ် ဟာဆက်ဘ်ဟာနီဆိုသူ အမျိုးသားသည် အိန္ဒိယနိုင်ငံမှ လာရောက်လုပ်ကိုင်သူဖြစ်ပြီး ဗာရှာဆိုသူ အမျိုးသမီးကမူ အင်ဒိုနီးရှားမှ လာရောက်လုပ်ကိုင်သူဖြစ်သည်။ သူတို့နှစ်ဦးသည် လုပ်ငန်းနယ်ပယ်တွင် တွေ့ဆုံပေါင်းဖက်အကြောင်းဆက်မိကြလေသည်။

အဓိကလုပ်ငန်းကြီး

သူတို့နှစ်ဦးသည် လက်ထပ်ပြီးနောက် မဟင်ဒါမာလစ်ဟာဆက်ဘ်ဟာနီနှင့် ဗာရှာမဟင်ဒါဆက်ဘ်ဟာနီတို့သည် ၎င်းတို့၏ ဇာတိနိုင်ငံသို့ မပြန်တော့ဘဲ အမေရိကန်နိုင်ငံသားများအဖြစ်ခံယူကာ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ စီးပွားရေးလုပ်ငန်းကောင်းမွန်မှုကြောင့် တစ်နေ့တခြား စီးပွားတက်ကာ ၎င်းတို့၏ အသက်၅၀ ဝန်းကျင်တွင် သန်းကြွယ်သူဌေးများဖြစ်လာကြတော့သည်။ သူတို့ ဇနီးမောင်နှံနှစ်ဦး၏ အဓိကလုပ်ငန်းကြီးမှာ ရေမွှေးများ အကြီးအကျယ်ထုတ်လုပ်ကာ ကမ္ဘာအနှံ့အပြားသို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။

ခေါ်ယူခန့်ထား

စီးပွားရေးတိုးတက်ပြီး ချမ်းသာလာသူ ၎င်းတို့နှစ်ဦးတွင် သားသမီးလေးဦး ထွန်းကားခဲ့သည်။ အိမ်မှုကိစ္စအဝဝကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် သားသမီးများ၏ ဝေယျာဝစ္စများကိုဆောင်ရွက်ရန် ဗာရှာက အင်ဒိုနီးရှားနိုင်ငံသူနှစ်ဦးကို အိမ်ဖော်အဖြစ် ခေါ်ယူခန့်ထားခဲ့သည်။ ထိုအမျိုးသမီးနှစ်ဦးမှာ ဆာမီရက်ချ်နှင့် အီနန်တို့ ဖြစ်ကြလေသည်။ မာလစ်ဟာနှင့် ဗာရှာတို့ ဇနီးမောင်နှံသည် အိမ်ဖော်နှစ်ဦးကို တစ်လလျှင် ဒေါ်လာ ၁၀၀ မှ ၁၅၀ အတွင်းသာပေးပြီး အလုပ်ချိန်ကို တစ်နေ့ ၁၈ နာရီကျော် ခိုင်းစေခဲ့သည်။ ထို့အပြင် အစားအသောက်ကိုလည်း ဝဝလင်လင် လုံလုံလောက်လောက် ကျွေးမွေးခြင်း မရှိပေ။ ယင်းအကျိုးဆက်ကြောင့် အိမ်ဖော်များအနေဖြင့် အိမ်ရှင်များ အလစ်တွင် ထမင်းဟင်းများ ယူငင်စားသောက်မှု ပြုလုပ်ကြတော့သည်။

နှိပ်စက်ကလူပြု

ဤသည်ကို မာလစ်ဟာနှင့် ဗာရှာတို့နှစ်ဦး သိသောအခါ တံမြက်စည်းများ၊ ထီးများဖြင့် ရိုက်ခြင်း၊ ဓားဖြင့် မွှန်းခြင်း၊ လှေကားထစ်များကို အထပ်ထပ်အခါခါ တက်စေခြင်း၊ ရေခဲရည်ရေပန်းအောက်တွင် နေစေခြင်းတို့ဖြင့် နှိပ်စက်ကလူပြုခဲ့ကြသည်။

အိမ်ဖော်နှစ်ယောက်အနက်မှ ဆာမီရက်ချ်ကို ဗာရှာက အဝတ်အစားများကို ချွတ်စေပြီး ကိုယ်လုံးတီးနေစေလျက် ၎င်း၏ ခန္ဓာကိုယ်ကို ပလတ်စတစ်ထုပ်သည့်တိပ်ဖြင့် နေရာမလပ် ကပ်ခဲ့ပြီး ပြန်ခွာစေခြင်းဖြင့် နှိပ်စက်ခဲ့သည်။ ထို့အပြင် ဆာမီရက်ချ်ကိုပင် ဗာရှာက ငရုတ်သီးမှုန့်များကို အဓမ္မစားစေခဲ့သည်။ ထိုဖြစ်ရပ်များကြောင့် ဆာမီရက်ချ်သည် ၂၀၀၇ ခုနှစ် မေလအတွင်းက မာလစ်ဟာနှင့် ဗာရှာတို့နှစ်ဦးစလုံး ခရီးထွက်နေစဉ် ၎င်းတို့၏အိမ်မှ ထွက်ပြေးခဲ့သည်။

အသက် ၅၁ နှစ်ရှိ မဟင်ဒါမာလစ်ဟာ ဆက်ဘ်ဟာနီ(ဝဲ) နှင့် ဗာရှာမဟင်ဒါ ဆက်ဘ်ဟာနီ အသက်၄၅နှစ်တို့ ဇနီးမောင်နှံ။

ရုံးတင်စစ်ဆေး

ထိုမှအစပြု၍ ၎င်းတို့ဇနီးမောင်နှံ၏ အိမ်ဖော်များအပေါ် ကျွန်သဖွယ်သဘောထားပြီး နှိပ်စက်ညှဉ်းပန်းမှုများ ပေါ်ပေါက်ကာ ၎င်းတို့ကို တရားရုံးက မတရားခိုင်းစေမှု၊ လျှို့ဝှက်ပူးပေါင်းကြံစည်မှု၊ အတင်းအဓမ္မ ကျွန်ဇာတ်သွင်းမှုနှင့် အငြိုးအတေးဖြင့် နှိပ်စက်မှုတို့ အပါအဝင် စွဲချက် ၁၂ ခုဖြင့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ရုံးတင်စစ်ဆေးခဲ့ပြီဖြစ်သည်။

ပြစ်မှုထင်ရှားပါက ထောင်ဒဏ် အနှစ် ၄၀ အထိ ကျခံရနိုင်ဖွယ်ရှိရာ လူသားချင်း ကျွန်ဇာတ်သွင်းလိုသူ သန်းကြွယ်ဇနီးမောင်နှံ အဖို့ ဘဝသင်ခန်းစာ ကောင်းကောင်းရစေတော့မည်ဖြစ်သည်။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

▲ **ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ ဇန်နဝါရီ ၆ ရက်က ကုန်ပဒေသာဆိုင်ကြီးတစ်ခု၏ အမိုးပြိုကျခဲ့ရာ ငါးဦး ဒဏ်ရာရရှိခဲ့သည်။**

▲ *တရုတ်နိုင်ငံ ကီးလန်ကျွန်းအနီးတွင် ဇန်နဝါရီ ၆ ရက်က ကုန်တင်သင်္ဘောတစ်စင်းနှင့် ငါးဖမ်းသင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ ငါးဖမ်းသင်္ဘော နစ်မြုပ်ခဲ့သည်။*

▲ **ဩစတြေးလျနိုင်ငံ အရှေ့ပိုင်းဒေသများ၌ ဇန်နဝါရီ ၆ ရက်က ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ကာ နေအိမ်များ ပျက်စီးခဲ့သည်။**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ တောင်ဘက်မိုင် ၅၀ ခန့်အကွာ အီချွမ်မြို့တွင် ဇန်နဝါရီ ၇ ရက်က ကုန်လှောင်ရုံတစ်ခု မီးလောင်မှု ဖြစ်ပွားရာ လူ ၃၀ သေဆုံးခဲ့သည်။

▲ *ကနေဒါနိုင်ငံ အနောက်ဘက် ဟာဒိုင်မြို့ကမ်းလွန်တွင် ဇန်နဝါရီ ၆ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။*

▲ **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌ ဇန်နဝါရီ ၆ ရက်က အအေးလှိုင်း ကျရောက်ခဲ့ရာ ငါးဦး သေဆုံးခဲ့သည်။**

▲ *တူရကီနိုင်ငံ ဒီယာဘာကီရာမြို့တွင် ဇန်နဝါရီ ၆ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး အရှိန်လွန်ပြီး လမ်းဘေးလျှိုတစ်ခုအတွင်း ထိုးကျခဲ့ရာ ၁၆ ဦး ပွဲချင်းပြီး သေဆုံးပြီး ၁၈ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။*

▲ **အိန္ဒိယနိုင်ငံမြောက်ပိုင်း အာဂရာမြို့တွင် ဇန်နဝါရီ ၆ ရက်က အအေးလှိုင်း ကျရောက်ပြီး အပူချိန်ရေခဲမှတ်အထိ ကျဆင်းခဲ့သဖြင့် ကိုးဦး သေဆုံးခဲ့သည်။**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၇

ဂျာမန်သံတမန်တစ်ဦး အီရန်နှင်ထုတ်

သံတမန်ကျင့်ဝတ်နှင့်အညီ မကျင့်ကြံဟုဆိုကာ ဂျာမန်သံတမန်တစ်ဦးကို အီရန်အစိုးရက နှင်ထုတ်လိုက်သည်။

အမည်ဖော်ပြခြင်းမရှိသည့် အဆိုပါသံတမန်သည် အီရန်မှ ထွက်ခွာသွားပြီဟုလည်း အီရန်က ကြေညာသည်။ အီရန်၏အငြင်းပွားဖွယ် နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်းသည့် ဥရောပအင်အားကြီးသုံးနိုင်ငံတွင် ဂျာမနီပါဝင်သည်။

သီရိလင်္ကာတိုက်ပွဲများ၌ ကျားသူပုန် ၇၀ကျော်သေဆုံး

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၌ လွန်ခဲ့သည့်နှစ်ရက်က ဖြစ်ပွားသောတိုက်ပွဲများအတွင်း တမီးလ်ကျား သူပုန် ၇၀ကျော်နှင့် အစိုးရတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း သီရိလင်္ကာစစ်ဘက်က ကြေညာသည်။

တမီးလ်ကျားသူပုန် ထောက်လှမ်းရေးအကြီးအကဲချားလ်မှာလည်း မြောက်ပိုင်းတိုက်ပွဲများ ဖြစ်ပွားစဉ်အတွင်း သေဆုံးသွားသည်။ တိုက်ပွဲများကြောင့် နှစ်နှစ်အတွင်း လူပေါင်း ၅၀၀၀ ခန့် သေဆုံးခဲ့သည်။

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်မူဝါဒမအောင်မြင်ဟုဆို

အရှေ့အလယ်ပိုင်းအရေးတွင် အမေရိကန်နိုင်ငံက ဝင်ရောက်စွက်ဖက်နေသည်ဟု အီရန်က စွပ်စွဲလိုက်သည်။ သမ္မတဘုရှ်က ယခုရက်သတ္တပတ် အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း အီရန်၏ ရန်လိုသောအကြံအစည်ကို မဟာမိတ်များက ပိုင်းဝန်းထိန်းပေးရန် ၎င်းက ဖိအားပေးမည်ဖြစ်ကြောင်း ပြောကြားအပြီးတွင် အီရန်က ယခုကဲ့သို့ စွပ်စွဲလိုက်ခြင်းဖြစ်သည်။

အကြိမ်ကြိမ်လာရောက်ရန် ရည်ရွယ်ချက်မှာ အမေရိကန်အနေဖြင့် အရှေ့အလယ်ပိုင်းဆိုင်ရာ မအောင်မြင်သော မူဝါဒများကို ချေဖျက်ရန်ပင်ဖြစ်ကြောင်း အီရန်ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အလီဟူစိန်က ပြောကြားသည်။

ဆိုမာလီ၌ ပြန်ပေးဆွဲခံရသူ လစ်ဗျားသံနှစ်ဦး ပြန်လွတ်လာ

သေနတ်သမားများက ခေတ္တမျှ ပြန်ပေးဆွဲခေါ်ဆောင်ပြီးနောက် လစ်ဗျား သံတမန်နှစ်ဦးမှာ ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၌ ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။

အဆိုပါ လစ်ဗျားသံတမန်နှစ်ဦးကို မိုဂါဒစ်ရှူးမြို့တော် ဘာရာကာဈေးတွင် ဈေးဝယ်နေခိုက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

အစ္စရေးလုပ်ရပ် ငြိမ်းချမ်းရေးအစီအစဉ် ထိခိုက်နိုင်ဟုဆို

အစ္စရေးတို့ဘက်က ပါလက်စတိုင်းတို့အပေါ် ယခုအခါ ပိုမို တိုက်ခိုက်လာကြောင်း၊ တိုက်ခိုက်မှုများ အရှိန်မြှင့်မှုနှင့် အစ္စရေးအခြေချ နေထိုင်မှုများမရပ်မချင်း ငြိမ်းချမ်းရေးအစီအစဉ် အောင်မြင်နိုင်မည် မဟုတ်ကြောင်း ပါလက်စတိုင်း စေ့စပ်ရေးမှူး ဆာအက်အာရီကက်က ပြောကြားသည်။

စာစာပိုင်းကလည်း ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများကို တိုးမြှင့်တိုက်ခိုက်ရန် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က ခြိမ်းခြောက်လိုက်သည်။

ပါကစ္စတန်လူမျိုးစုခေါင်းဆောင်များ ပစ်သတ်ခံရ

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်ချင်းထိလျက်ရှိသည့် ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ဒေသမှ အစိုးရလိုလားသောလူမျိုးစုခေါင်းဆောင် ရှစ်ဦးအား သေနတ်သမားများက ပစ်သတ်လိုက်သည်။

လူမျိုးစုခေါင်းဆောင်များကို ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက် စာစာပိုင်းက သီးခြားနှစ်နေရာတွင် သတ်ဖြတ်လိုက်ခြင်းဖြစ်ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဗုံးခွဲမှုများ အနည်းဆုံး ခုနစ်ဦးသေဆုံး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အဒါမီယာခရိုင် ဆွန်နီထောက်ပံ့ရေးရုံး အဝင်ဝနှင့် မလှမ်းမကမ်းတွင် အသေခံဗုံးခွဲမှုကြောင့် အနည်းဆုံး ခုနစ်ဦးသေဆုံးသည်။

ပထမအကြိမ်အသေခံဗုံးခွဲသဖြင့် ထိုနေရာမှ လူအများအပြား ထွက်ပြေးကြစဉ် မီတာအနည်းငယ်အကွာ၌ ထပ်မံ ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။

ဆေးထိုးကွပ်မျက်စီရင်မှု အမေရိကန်ကြားနာစစ်ဆေး

အမေရိကန်ပြည်နယ်အများစုတွင် အသုံးပြုသော သေဒဏ်ချမှတ်ခံရသူများအား ဆေးထိုးသတ်ဖြတ်နေမှုကို တားမြစ်သင့်၊ မသင့် လျှောက်လဲမှုကို အမေရိကန် နိုင်ငံတော်တရားရုံးချုပ်က ကြားနာမည်ဖြစ်သည်။

ယင်းသို့ ဆေးထိုးကွပ်မျက်ခြင်းမှာ ရက်စက်စွာပြစ်ဒဏ်ပေးမှုကို တားမြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုကာ ၂၀၀၄ ခုနှစ်က ကင်တပ်ကီ၌ တရားစွဲမှု စတင်ခဲ့သည်။

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၂/၂၀၀၈

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

(ယမန်နေ့ကအဆက်)

လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

၁၀၁။ ဦးဆန်းဋ္ဌေး မန်နေဂျာ၊ Fair, Market International Co,Ltd. အမှတ် ၇၈၊ ထင်ရှူးမြိုင်လမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊ ၁၀/တောင်၊ (၁၃)ရပ်ကွက် ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀၂။ ဦးဝင်း တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀၃။ ကိုယ်ပိုင်အမှတ်–၇၈၅၃၃၆ တပ်ကြပ်ကြီးချမ်းငြိမ်း လျှပ်စစ်နှင့်စက်မှု အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၀၄။ ဒေါ်လှဲ့လှဲ့အေး စက်ချုပ်လုပ်ငန်း၊ အမှတ်၄၉၀၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀၅။ ဦးသန်းလွင် အရန်မီးသတ်တပ်ဖွဲ့၊ အမှတ်(၂)ရပ်ကွက်၊တပင်ရွှေထီးလမ်း၊ သုံးခွမြို့၊ ရန်ကုန်တိုင်း။

၁၀၆။ ဘဒ္ဒန္တသြဘာသ ကျောင်းထိုင်/ကျောင်းပိုင်ဆရာတော်၊ အောင်မြေဝေယံကျောင်းတိုက်၊ ခုနစ်ကျိုက်အရှေ့ကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀၇။ ဒေါ်ပြုံးပြုံးကြည် အခန်း(၆)၊ တိုက်(၃၀၇)၊ ရန်အောင်လမ်းသွယ်(၂)၊ အမှတ် (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀၈။ ဦးကြည်ရှိန် သျှင်ပါကူအထူးကုဆေးခန်း၊ ၁၅၄၃/ခ၊ အောင်သိဒ္ဓိလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။

၁၀၉။ ဦးဝင်းသိန်း အကြံပေးပုဂ္ဂိုလ်၊ ကော်မတီရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။

၁၁၀။ လ– ၁၂၃၇၄၁ ရဲအုပ်မင်းဆွေ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၁။ ဦးစိုးနိုင် ဦးစီးမှူး၊ မြေဆီလွှာ စူးစမ်းလေ့လာရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၁၂။ ဦးဇွဲမြင့်သိန်း ရွှေပုစွန်ကုမ္ပဏီလီမိတက်၊ ၁၃/၁၂၅၉၊ ဒေဝဒဟ(၃၄)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁၃။ ဦးတိသ သာသနာ့ဝန်ထမ်း၊ ဗမာ့ရတနာကျောင်းတိုက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁၄။ ဦးညွှန့်လှိုင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(အငြိမ်းစား)၊ လိုင်း(ဂ)၊ အခန်း၇၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁၅။ ဦးမင်းကြည်စိုး ဦးစီးအရာရှိ၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၁၁၆။ ဦးကျော်သူရ ယာဉ်မောင်း၊ အမှတ် (၂၀၅၈/ခ)၊ မြဝတီမင်းကြီးလမ်း၊ ၇၁ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။

၁၁၇။ ဦးဋ္ဌေးနိုင် အလုပ်ရုံစုမှူး(ကုန်ထုတ်)၊ စက်ဘီးစက်ရုံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၁၈။ ဦးတင်အောင်မိုး ရုပ်သံကျွမ်းကျင်–၁၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၁၉။ ဒေါ်စန်းစန်းမြင့် လက်ထောက်မန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန။

၁၂၀။ ဦးခင်ကြိုင် စစ်မှုထမ်း(လေ)(ငြိမ်း)၊ ၁၀/၂၇/၁ လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂၁။ ဒေါ်ခင်မာဝင်း ဈေးရောင်း၊ အမှတ် ၄၊ ဘုရင့်နောင် ၉လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂၂။ လ–၁၄၈၆၇၀ ရဲတပ်ကြပ်သန်းစိုး၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၂၃။ လေ–၁၈၉၆၂ တပ်ခွဲတပ်ကြပ်ကြီးမြင့်ကြည် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၂၄။ ဦးအောင်စိုး ကြီးကြပ်ရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၂၅။ ဦးစိုးမြင့် ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ စစ်တောင်း၊ အမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၂၆။ ဦးထွန်းထွန်း ကုန်သည်၊ အမှတ် ၅၀၊ ပုသိမ်လမ်း၊ ကျွန်းတောအလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂၇။ ဦးကျော်ကျော်မောင်ထွေး မန်နေဂျာ၊ (Management & Accountancy Training Ltd)၊ အမှတ်၁၆၊ သီတာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၂၈။ ဦးစန်းဝင်း ယာဉ်မောင်း၊ စက်ပြင်အဆင့် ၄၊ အခြေစိုက်အလုပ်ရုံ၊ ရန်ကုန်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၁၂၉။ ဦးအောင်မြင့်ကြည် ဝိုင်းဆရာ၊ အမှတ်(၁)အထပ်သားစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၁၃၀။ ဒေါ်စန်းကြည် ခြံယာလုပ်သား၊ ည/၁၂၄၀၊ မြင့်မိုရ်လမ်း၊ နယ်မြေ(၆)၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၃၁။ ဦးကျော်ရင် ကုန်သည်၊ အမှတ်(၅၃)၊ အမာလမ်း၊ ၄ ရပ်ကွက်၊ ကဒုံကနီကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။

၁၃၂။ ဦးကျော်မြင့်အောင် ဈေးသည်၊ အကွက် ၂၄၆၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၃၃။ ဦးမင်းစိုးနိုင် တရားရုံးချုပ်ရှေ့နေ၊ အမှတ် ၅၊ ရှင်အရဟံလမ်း၊ ဘိုတဲရပ်၊ မြို့မ ၃၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၁၃၄။ ဦးထွန်းထွန်းဝင်း အရောင်းအဝယ်၊ အမှတ် ၄၆၊ ၁၄ လမ်း၊ မြို့မ ၇ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။

၁၃၅။ ဦးဇော်ဝင်း ဈေးသည်၊ အကွက် ၃၊ ထွန်းတုံးရွာမမြို့သစ်၊ ၅၂ လမ်း၊ ထွန်းတုံးကြီးကျောင်းအနီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၁၃၆။ ဦးခင်မောင်ရီ ဈေးရောင်း၊ ကွမ်ကသောင်ရပ်၊ မြို့မ ၄၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၃၇။ ဦးရွှေသိန်း အရောင်းအဝယ်၊ အမှတ် ၃၉၊ ဓမ္မစေတီလမ်း၊ ကျောင်းသစ်ရပ်၊ မြို့မ ၂၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၃၈။ ဦးထွန်းကြည် ကျပန်း၊ အမှတ် ၂၈၊ အောင်သီရိလမ်း၊ ပန္နဲတိုက်ရပ်၊ မြို့မ ၃၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၃၉။ ဦးရည်စိန် ကုန်သည်၊ အမှတ်(၁၅၅/၄)၊ ကုန်သည်လမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း။

၁၄၀။ ဦးမျိုးဝင်း ကျပန်း၊ ခေမာလမ်းသွယ်(၃)၊ ဘုရားလေးဆူရပ်၊ မြို့မ(၂)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၄၁။ ဒေါ်ရီရီမြင့် အရောင်းအဝယ်၊ အကွက်(၂၀)၊ ဥပုသ်တော်ရပ်၊ သဇင်လမ်းသွယ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၄၂။ ဦးစန္ဒိမာ သံဃာတော်၊ ဇေယျဝတီကျောင်း၊ သံလျက်မော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၁၄၃။ ဦးထူးထူး လူထုခန့်ဆရာ၊ အနောက်သာဂရမူလတန်းလွန်ကျောင်း၊ ဘင်စုရပ်ကွက်၊ ဈေးတန်းအုပ်စု၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

၁၄၄။ ဦးကျော်သန်း အရောင်းအဝယ်၊ အကွက်(၂၅၈)၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၄၅။ ဦးထွန်း(ခ)တာရွှန်းကူးမား ကန်ထရိုက်၊ အမှတ်(၂၂)၊ ကုန်သည်လမ်း၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၁၄၆။ ဦးဝီရိယ စာချဆရာတော်၊ သဒ္ဓမ္မဝံသာရုံပါဠိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်ကျောင်းတိုက်၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၁၄၇။ ဒေါ်ခင်အုန်းမြင့် ကျပန်း၊ အမှတ်(၆)၊ သုခသီတာလမ်း၊ ပိန္နဲကုန်းရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၄၈။ ဦးခင်မောင်ဝင်း စောင့်ရှောက်ရေးမှူး၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ မော်လမြိုင်မြို့ ဇဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ အလုပ်သမားဝန်ကြီးဌာန။

၁၄၉။ ဦးတင်ဝင်းနိုင် သိပ္ပံခန်းလက်ထောက်၊ အမှတ်(၁၃)အထက၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၅၀။ ဦးအုန်းသိန်း ကျပန်း၊ အမှတ်(၅၂)၊ အရဟံလမ်းသွယ်၊ ဘိုတဲရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၅၁။ ဒေါ်နှင်းနွယ် ဆရာမ၊ မြဂန္ဓမာလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၅၂။ ဦးဝင်းနိုင်ဝင်း ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး၊ အမှတ်၃၄၊ ရွှေစေတီလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၁၅၃။ ဦးဋ္ဌေးလွင် ဌာနစုမှူး၊ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၅၄။ ဦးသန်းဝင်း အမှတ်(၃)တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၅၅။ ဒေါ်ဘေဘီခင် ဈေးရောင်း၊ အမှတ် ၇ ရှင်အရဟံလမ်း၊ ဘိုတဲရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၅၆။ ဦးသိန်းနိုင် ခိုင်သဇင်လက်ဖက်ရည်ဆိုင်၊ အကွက်(၄၉၂)၊ ပြည်လုံးအံ့လေ့တန်းရပ်ကွက်၊ သံလျက်မော်အရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၁၅၇။ ဦးတင်မောင်ထွေး စက်ဘီးပြုပြင်ရေး၊ (ဃ)ရပ်ကွက်၊ ၄/၁၀ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၁၅၈။ ဦးတင်ဝင်း အနေးယာဉ်လုပ်သား၊ ခေမာလမ်းသွယ်(၃) လေးဆူအရှေ့ပိုင်း မြို့မ–၂၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၁၅၉။ ဦးတေဇိန္ဒြ(ခ)ဦးအောင်ဝင်း(ရဟန်း)၊ အိုးထိန်းတောင်ကျောင်း၊ ခေါင်းလွဲရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်း။

၁၆၀။ ဦးနေလင်း အရောင်းအဝယ်၊ ကဋ္ဌနမဟီရပ်၊ အကွက်(၆၃၀) ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၆၁။ ဦးရဲနိုင် အလယ်တန်းပြဆရာ၊ အလကထန်းကုန်းရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၆၂။ ဦးဝင်းမောင် ဈေးရောင်း၊ မင်းလမ်း၊ သိမ်ဆိပ်ကျေးရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။

၁၆၃။ ဦးအောင်ကျော်ထူး ဒု–လဝကမှူး၊ အလုံမြို့နယ်ဦးစီးဌာနမှူးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

၁၆၄။ ဦးမြင့်မောင် အရောင်းအဝယ်၊ အမှတ် ၈၈၀၊ ချမ်း(တောင်)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၁၆၅။ ဦးမြရီ ညစောင့်၊ ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၆၆။ ဦးအိုက်လုံ အစောင့်၊ ကျိုင်းတုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

ရဲသီဟတံဆိပ်

၁။ လ–၁၇၀၀၁၅ ဒု–ရဲအုပ်ကျော်စွာမြင့် မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၂။ လ–၉၃၇၁၀ ရဲတပ်ကြပ်ကြီးမြင့်စိုး မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၃။ လ–၁၆၀၆၉၃ ရဲတပ်ကြပ်ကြီးသိန်းဇော်ဝင်း မူဆယ်မူးယစ် (အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၄။ လ–၂၁၉၄၇၃ ရဲတပ်သားထူးဆိုင်မိုင် မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

ရဲသူရတံဆိပ်

၁။ လ–၁၂၃၈၁၁ ရဲအုပ်ရန်ရှင်း မူဆယ် မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၂။ လ–၁၆၉၆၇၂ ရဲအုပ်ဝင်းလှိုင် မူဆယ် မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၃။ လ–၁၉၅၉၆၈ ရဲတပ်ကြပ်ထွန်းစိုး မူဆယ် မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၄။ လ–၂၁၈၀၆၈ ရဲတပ်သား စိုင်းမျိုးမင်းသန့် မူဆယ် မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

ရဲဗလတံဆိပ်

၁။ လ– ၁၆၇၄၃၄ ရဲအုပ်မောင်မောင်ဇော် မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

၂။ လ– ၂၁၈၀၇၅ ရဲတပ်သား ကျော်ကျော်ထိုက် မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။

ရဲကျော်စွာတံဆိပ်

၁။ ဟန်ညွှန့်(မ–၁၅၉၈၃) မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန။

၂။ ရဲရန်နိုင်ထွန်း(မ–၁၆၁၈၆) မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန။

၃။ မြခိုင်(မ–၁၆၅၈၄) မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန။

၄။ သက်ပိုင်စိုး(မ–၁၈၄၂၈) မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန။

အမိန့်အရ–

(ပုံ)

သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ရေကောင်းရေသန့်ရရှိရေးအတွက်ဆောင်ရွက်သော ကျွဲဘိကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ် အမှုဆောင်အရာရှိ ဦးစိုးထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွမ်းခြံကုန်း မြို့နယ် ကမာကလွန်းကျေးရွာ တစ်လက်မခွဲ တွင်းတိမ် ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ် အမှုဆောင် အရာရှိ ဦးမောင်မောင်အေး တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ အမှတ် ၂ ဗဟိုလမ်းနေ ထိပ်တန်းရေခဲစက်၊ ထိပ်တန်း သကြားရောင်းဝယ်ရေးပိုင်ရှင်များဖြစ်ကြသော ဖခင်ကြီး ဦးဘန်ရီ(ခ)စောဘန်ရီ၏ (၇၃)နှစ်မြောက် မွေးနေ့၊ မိခင်ကြီး ကြူရော်ပို့၏ (၇၂)နှစ်မြောက် မွေးနေ့နှင့် ရွှေရတုမင်္ဂလာ နှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၃ရက်က မော်လမြိုင်မြို့ သာသနာ့ဗိမာန်၌ ဦးခန္တီမဟာမြတ်မုနိဘုရား ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ ဦးခန္တီမဟာမြတ်မုနိဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပန်းတင်က လက်ခံယူစဉ်။ (၁၆၈)

အောင်မြေသာယာဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ်ဖွင့်

ကျောက်မဲ ဒီဇင်ဘာ ၂၅

အောင်မြေသာယာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် မွန်းလွဲ၂နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အောင်မြေသာယာရွာသစ်၌ ကျင်းပရာ ဘုန်းတော်ကြီးကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယနှင့် ဂျပန်သံရုံးကိုယ်စားလှယ် ဒုတိယအတွင်းဝန် မစ္စတာအိုကူမာ၊ ပလောင်ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းက အမှာစကားပြောကြားပြီး ဂျပန်သံရုံး ကိုယ်စားလှယ် ဒုတိယအတွင်းဝန် မစ္စတာအိုကူမာက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်ထံ ကျောင်းဆောင်သစ်အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို မစ္စတာအိုကူမာက လွှဲပြောင်းပေးအပ်ရာ **(ယာပုံ)**ဆရာတော်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ကျောင်းဆောင်သစ်တွင် အလျားပေ၁၃၀၊ အနံပေ ၃၀ရှိ တစ်ထပ်စာသင်ဆောင်၊ အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ စာသင်သားများ အိပ်ဆောင်နှင့် ကျောင်းသုံးပရိဘောဂများ ပါဝင်သည်။

စာသင်ကျောင်းဆောင်ဖြစ်မြောက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ Japan's Grassroots Grant Assistance (GGA)တို့က FEC ၈၂၇၀၀၀ ပံ့ပိုးလှူဒါန်းပြီး ဒေသခံပြည်သူများက သိန်း၄၀ မတည်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု
ရွှေတောင်မြို့ ကြာနီကန်လမ်း ကတ္တရာလမ်းဖွင့်

ရွှေတောင် ဇန်နဝါရီ ၃

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော ကြာနီကန်လမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂ရက် နံနက်၇နာရီက ကြာနီကန်ရပ်ကွက်ရှိ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင် နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် လမ်းနှင့်ပတ်သက်သည်များကို ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ကြာနီကန်လမ်းကတ္တရာလမ်းသည်အရှည်ပေ၁၉၀၀၊အကျယ်၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၉၁သမ၈သန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

လွတ်လပ်ရေးနေ့ဂုဏ်ပြု ကျောက်ချောလမ်းဖွင့်

မြင်းခြံ ဇန်နဝါရီ ၃

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျေးလက်လမ်းများအနက် မြင်းခြံမြို့နယ်နှင့်ဆက်သွယ်သော ဧးပင်ကန်ကျေးရွာ အဝင်လမ်းအရှည် ပေ ၂၀၀၀ ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာခရိုင်ဥက္ကဋ္ဌ ဦးလှမိုးနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

မိုးမောက်မြို့ ရေပေးရေး ပိုက်များပြုပြင်

မိုးမောက် ဇန်နဝါရီ ၁

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြရေပေးရေးအတွက် ရေပိုက်များ ပေါက်ကွဲနေသော နေရာများကိုစစ်ဆေး၍ တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သောအဖွဲ့ဝန်ထမ်းများဖြင့် ဒီဇင်ဘာ၂၇ရက်က ပြုပြင်ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

Healthy Shop(Paris) နှစ်ပတ်လည်နေ့နှင့် အသင်းဝင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၇

Healthy Shop(Paris)အလှကုန်၏ မြန်မာ့ဈေးကွက်တွင် စတင်ဝင်ရောက်မှု တစ်နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် Jasmine နှင့်အထက် Member များအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇန်နဝါရီ၃ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စာပေနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာChairmanဦးကျော်မင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး Rose Member အသစ်များအား အဖွဲ့ဝင် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်၍ Healthy Shop (Paris) တစ်နှစ်မြောက် မွေးနေ့ ကိတ်မုန့်တွင် အဖွဲ့ဝင်များနှင့် အနုပညာရှင်များက စုပေါင်း လက်မှတ်ရေးထိုးကြကာ မွေးနေ့ရှင် Member များအား ဂုဏ်ပြုကြသည်။

ချီးမြှင့်

ထို့နောက် မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးသွင်က King Director. Silver King Director နှင့် Gold King Director များအားဂုဏ်ပြုလက်မှတ်များချီးမြှင့်သည်။ **(ဝဲပုံ)** ဆက်လက်၍ မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးသွင်က အမှာစကား ပြောကြားပြီး ကြွရောက်လာသော ဧည့်သည်တော်များအား ကံစမ်းမဲဖောက် လက်ဆောင် ချီးမြှင့်၍ အသင်းဝင်များထဲမှ Jasmine Director များအား ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဖျာပုံ ရွှေသာလျောင်းနှင့်ရွာလည်ဘုရား ကတ္တရာလမ်းသစ်ဖွင့်

ဖျာပုံ ဇန်နဝါရီ ၄

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့ ကိုယ့်အားကိုယ်ကိုး ရွှေသာလျောင်းဘုရားလမ်းနှင့် ရွာလည်ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးချစ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ရပ်မိရပ်ဖများ၊ဒေသခံပြည်သူများတက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမျိုးမြင့်ဇော်၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်ဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရွှေသာလျောင်းဘုရားလမ်း ကတ္တရာအရှည် ၄၀၅ပေ၊ ရွာလည် ဘုရားလမ်းအရှည်ပေ၁၇၀ကို စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၂၄ဒသမ၇၅သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ်၁၅သိန်း စုစုပေါင်း၃၉ဒသမ ၇၅သိန်းဖြင့်အကုန်အကျခံ ဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာ ဓမ္မာသနပလ္လင်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ် (၃)လမ်းဆုံနှယ်ခွေလမ်းနှင့် အမှတ် (၃)လမ်းမကြီးကြားရှိ မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာတွင် လိုအပ်သော ဓမ္မာသနပလ္လင်အတွက် အမှတ်(၁၃၃၀) မင်္ဂလာသုခ ၁ လမ်း (၄၆)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်မြမြသန်းမိသားစုမှ ဒီဇင်ဘာ ၄ရက်က အလှူငွေကျပ် ၁၁၁၀၀၀ကို ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ)ထံ သာဓုအနုမောဒနာတရား နာကြား၍ ရေစက်ချ လှူဒါန်းသည်။ **(ဝဲပုံ)**

အထက်ပါရိပ်သာတွင် သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ယောဂီဆောင်၊ ဘောဇနဆောင်နှင့် ဓမ္မကထိက ကျောင်းဆောင်လှူဒါန်းလိုသူများသည် ဆရာတော် ဖုန်း–၀၉–၅၁–၂၅၄၅၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူ ရရှိပြီးသောမြေ၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း အရှေ့ရန်ကင်း၊ ရန်ကင်းမြို့နယ် တိုက်၂၆၉ အခန်း၂၄နေ ဦးမြင့်ဆွေ–ဒေါ်မြင့်မြင့်အေး မိသားစုက သား ကိုသူရဆွေထက်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ သုဝဏ္ဏလင်္ကာရ(ဘုံဘော)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်မြို့နေ ဦးသိန်းထွန်း (ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်)က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ခြောက်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း နာယကဗိုလ်မှူးချုပ်အောင်ဘယ်လ် (ငြိမ်း)က လက်ခံယူစဉ်။ (က–ပ)

စည်ပင်ညွှန်မှူး ကျေးလက်ရေပေးရေး ညောင်ဦး၌ စစ်ဆေး

ညောင်ဦး ဒီဇင်ဘာ ၂၅

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် ဒီဇင်ဘာ ၁၂ရက်က ညောင်ဦးမြို့ ရွှေလှိုင်းကျေးရွာ အလှူရှင် စက်ရေတွင်းမှ ကျေးလက်ပြည်သူများ ရေခပ်ယူသုံးစွဲမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စေတနာရှင်များအသင်းသို့ မော်တော်ယာဉ်၊အောက်ဆီဂျင်နှင့် အလှူငွေပေးအပ်

လားရှိုး ဇန်နဝါရီ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူမျိုး၊ဘာသာမရွေး သာရေးနာရေး ကူညီစောင့်ရှောက်မှုအသင်းကြီး၏ (၁)နှစ်ပြည့်အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက လားရှိုးမြို့ သာသနာ့ ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော်၊သံဃာတော်များက ပရိတ်တရားတော်များကို ချီးမြှင့်ပေးတော်မူရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းလျှောက်ထား တင်ပြသည်။ ဆက်လက်၍ လားရှိုးမြို့ လူမျိုး၊ ဘာသာမရွေး သာရေးနာရေးကူညီစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းတင်က အသင်း၏ နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် စေတနာရှင်များက အသင်းသို့ မော်တော်ယာဉ်တစ်စီး၊ အောက်ဆီဂျင် ၁၀ဘူးနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် ပြည်နယ်အဆင့်အကြီးအကဲများက လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ဆရာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မြို့နယ် စာပေနှင့်စာနယ်ဇင်း)**

ကဝမြို့နယ် ကျောင်းပေါင်းစုံ မူလတန်းဆင့် ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက်က ကဝမြို့မအားကစားကွင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင် အဖွင့်အမှာစကား ပြောကြားစဉ်။ (၂၄၀)

ရွှေမဇ္ဈူဘုရားသမိုင်း ထပ်မံဖြည့်စွက်ရေးသားပြုစု

မိုးညှင်း ဒီဇင်ဘာ ၂၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သော အင်းတော်ကြီး ရွှေမဇ္ဈူဘုရားသမိုင်း ပြုစုရေးအဖွဲ့တို့သည် ရွှေမဇ္ဈူစေတီတော်သမိုင်းကို ထပ်မံဖြည့်စွက်ရေးသားပြုစုရန် ဒီဇင်ဘာ ၈ရက်မှ ၁၀ရက်အထိ ရွှေမဇ္ဈူစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြကာ လိုအပ်သောအချက်အလက် အထောက်အထားများအား ကွင်းဆင်းလေ့လာ မှတ်တမ်းပြုစုကြသည်။ **(၁၅၂)**

ပြည်ရွှေဆံတော် အနောက်ဘက်စောင်းတန်း ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်

ပြည် ဇန်နဝါရီ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ သမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီမြတ်ကြီး အနောက်ဘက်စောင်းတန်း ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁ရက် နံနက် ၉နာရီက ဘုရားဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ပြည်မြို့ ပုဆိုးတန်းလမ်း အမှတ် ၁၇၈နေ ဦးအောင်မြိုင်–ဒေါ်တင်ကြွေ တို့အား အမှူးထား၍ သမီး ဒေါ်ခင်နွဲ့မူ၊ သား ဦးမောင်မောင်သိန်း၊ ကိုစန်းကို (အထည်ကုန်သည်) မိသားစုက အလှူငွေကျပ် ၂၉သိန်း ပေးအပ်လှူဒါန်းရာ အလှည့်ကျ ဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ရပ်ဝေးရပ်နီးအလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း–၀၅၃–၂၅၀၃၅၊၀၅၃–၂၅၁၈၀ ပြည်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၇)**

ဇေယျသုခစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိတ္ထီလာ ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ငွေကျပ် သိန်း ၅၀တန် ဇေယျသုခစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂ရက် နံနက်၁၀နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အောင်ဇေယျာရပ်ကွက် ဇေယျသုခ စာကြည့်တိုက်ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဇေယျသုခစာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စာကြည့်တိုက်တည်ဆောက်ရေးဥက္ကဋ္ဌ ဦးလှမြင့်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမောင်မောင်အုန်းထံ လွှဲပြောင်းပေးအပ်သည်။

ဇေယျသုခစာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက သုတ၊ ရသစာအုပ် ၁၀၀နှင့် အောင်ဇေယျာရပ်ကွက်ပြည်သူများက စာအုပ်မျိုးစုံ အုပ် ၃၀၀၀ကို စာကြည့်တိုက် ကော်မတီဝင် ဦးသောင်းရွှေက လည်းကောင်း၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးသန်းက ဂျာနယ်အစောင် ၃၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က စာအုပ်များပေးအပ် လှူဒါန်းကြရာ စာကြည့်တိုက်တည်ဆောက်ရေးဥက္ကဋ္ဌ ဦးလှမြင့် လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပေးအပ်လှူဒါန်း

ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန် နိကာယ်သာသနာတော် ထွန်းကားရေး အသင်းကြီး၏ ထာဝရငွေရတုပဒေသာပင်အတွက် ဒေါက်တာဟွန်ကြည့်လျှံ၊ ဦးဟွန်ကြည့်နန်၊ ဦးဟွန်ကြည့်ဖွေးတို့က အမှတ် ၄၇ ရေကျော်လမ်း(၇) ရပ်ကွက် ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြငြိမ်(တိုင်ပေရွှေဆိုင်၊ ယုဇနပလာဇာ)မှ တစ်ဆင့် အလှူငွေကျပ်သုံးသိန်းကို အသင်းဥက္ကဋ္ဌဦးသောင်းလွင်နှင့် အမှုဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မကွေးမြို့ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များလှူဒါန်း

မကွေး ဇန်နဝါရီ ၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ရက်က မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင် ကံမမြို့မှ ဒေါ်သန်းမြင့်က သုတ၊ ရသစာအုပ်၃၀၀ကိုလည်းကောင်း၊ မကွေးတိုင်း မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအေးကိုက ဂျာနယ်မျိုးစုံ ၁၆၇စောင်ကို လည်းကောင်း၊ မကွေးမြို့ အေဝမ်း(၂)စားသောက်ဆိုင်ပိုင်ရှင် ဦးချိုက သုတ၊ ရသစာအုပ် ၁၆၄အုပ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က လက်ခံယူကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူနှင့် တာဝန်ရှိသူများ ဖရူဆိုမြို့ ရေပေးဝေရေးလုပ်ငန်းအတွက် ဖာကရောရှိ ရေထွက်မှ ရေပိုက်သွယ်တန်းမှုနှင့် ရေရရှိရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဆင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၇

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင်တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်း သာသနဓဇဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၁၅ ရက်၌ ၁၁လမ်း ၃ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်တိုင်း၊ ၁၆ရက်ည၌ အင်း၀လမ်း ကျောက်မြောင်း ရန်ကုန်တိုင်း၊ ၁၇ရက်ည၌ အောင်သုခကျောင်း ရန်ကင်းရပ် မုံရွာမြို့၊ ၁၈ရက်(ဆည်းဆာ)၌ မဟာဇိနလာဘံ ၂၂လမ်း မန္တလေးမြို့၊ (ယင်းည)၌ အနိပ်တော်ရပ် နန်းရှေ့ မန္တလေးမြို့၊ ၁၉ရက်ည၌ ဇေယျမင်္ဂလာကျောင်း အုတ်ကျင်းရပ် လှိုင်မြို့နယ် ရန်ကုန်တိုင်း၊ ၂၀ရက်(ဆည်းဆာ)၌ ရွှေမင်းဝံရွာ ကျောက်ဆည်မြို့၊(ယင်းည)၌ တစ်ဘက်ဆွဲရွာစဉ့်ကိုင်မြို့နယ်၊၂၁ရက်ည၌ ၅၆လမ်း ၈၈/၅ အောင်ပင်လယ် မန္တလေးမြို့၊ ၂၂ရက် (ဆည်းဆာ)၌ ရွှေစည်းခုံဘုရား မုံရွာမြို့၊ (ယင်းည)၌ ညောင်ပင်စောက် မုံရွာမြို့၊ ၂၃ရက်ည၌ ဗြဟ္မစိုရ်အသင်း မင်းဘူးမြို့၊ ၂၄ရက် (ဆည်းဆာ)၌ နွားလုရွာ မကွေးမြို့၊ (ယင်းည)၌ ဗြဟ္မစိုရ်အသင်း မင်းဘူးမြို့၊ ၂၅နှင့် ၂၆ ရက်ညတို့၌ ရွှေနဒီအလှူကျောက်ပန်းတောင်းမြို့၊ ၂၇နှင့် ၂၈ ရက်ည၌ ကျိုက်မရောမြို့ မွန်ပြည်နယ်၊ ၂၉ရက်(ဆည်းဆာ)၌ ဟသ်ာတအတွင်း ပတ္တမြားကျောင်း သာကေတမြို့နယ် ရန်ကုန်တိုင်း၊(ယင်းည)၌ ဦးဖိုးထူးလမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်း၊ ၃၀ရက်ည၌ သီလဝါဆိပ်ကမ်း သန်လျင်မြို့၊ ၃၁ရက်(ဆည်းဆာ)၌ ကြီးပွားရေးဓမ္မာရုံ တာမွေမြို့နယ်၊ (ယင်းည)၌ ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်း၊ ဖေဖော်ဝါရီ ၁ရက်မှ ၄ရက်အထိ ချောင်းဆုံမြို့ မွန်ပြည်နယ်၊ ၅ရက် ည၌ ခေမာကျောင်းလမ်း မြောက်ဥက္ကလာပမြို့နယ်ရန်ကုန်တိုင်း၊၆ရက်(ဆည်းဆာ)၌ ၃၇လမ်း အလယ်ဘလောက် ရန်ကုန်တိုင်း၊ (ယင်းည)၇နာရီ၌ သရက်တောရပ်ကြည့်မြင်တိုင် မြို့နယ် ရန်ကုန်တိုင်း၊ (ယင်းည)၈နာရီခွဲ၌ မာလာမြိုင် ၈လမ်း ၁၆ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်တိုင်းနှင့် ၇ရက်ည၌ မိုးသောက်ရွာ ဆားတောင်တိုက်နယ် ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရောဝတီတိုင်း လေးမျက်နှာမြို့နယ် လှော်ကထား အခြေခံပညာ အထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်က ယင်းကျောင်း ခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီးဆရာမကြီးများက သြဝါဒစကားပြောကြားစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၂ ရက်
၉-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပို့ကုန်တိုးမြှင့်ရန် ခေတ်မီမျိုးသစ်များနှင့် ရော်ဘာစိုက်ဧကနှစ်ဆတိုးချဲ့စိုက်မည်)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (စာပေအနုပညာ-စန္ဒကူး)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ပြုံးသာပြုံးပါ မမုန်းပါနဲ့-ထက်ကျော်)
၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) အိုကမ်းလေရေယမုန်ပတ်ပျိုး (ကျိုက်ထို-ရင်ရင်လှ)
(၂) မြမြမောင်းမောင်းပတ်ပျိုး (တက္ကသိုလ်မောင်ဝင်းတင်)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်စံအိမ် (သက်သက်)
(၂) ကိုယ့်နာမည်ရေးပေးမယ် (မောင်ဝင်းမြင့်)
(၃) အချစ်မရှိရင်မနေတတ်ဘူး (အိဖြူ)
၁၇:၃၀ အစာနှင့် အာဟာရ (သဘော်သီး)
၁၇:၄၅ သူ့လက်သံ [အဆို၊ အက၊ အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ ဦးလှသန်း(ခ)စိန်ဝမ်းတင်၏ ပတ္တလားလက်သံ]
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကထိန်လက်စွဲ(ခေါ်)ဘာထိနပကာသနီကျမ်း-ပထမကျော် ဓမ္မာစရိယ ဝိနယဝိဒူ-အရှင်နန္ဒမာလာ
(၂) သို့မေမေ-ကောင်းသန့်
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ချိုကြည်သာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် နှလုံးသားသစ္စာ အရိန္ဒမာတေးစီးရီး)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ငယ်ကချစ်တော့မမေ့သာ (သန်းဖေလေး)
(၂) မင်္ဂလာညချမ်း (တက္ကသိုလ်လဲ့လဲ့)
(၃) ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် (ဝင်းဦး)

ပါရမီဖြည့်ဖို့ လူဖြစ်လာတာလို့ နှလုံးသွင်းထားမယ်ဆိုရင် ဘာပဲလုပ်လုပ် မေတ္တာအပြည့်အဝနဲ့ လုပ်ဖြစ်သွားမှာပါ။

စာစဉ်(၃၉)

ဘဝအဓိဋ္ဌာန်

အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

ထွက်ပြီ

☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂

SPORTS LOVERS

ဤဂျာနယ်ဖတ်၍ အပတ်စဉ် ကျပ် ၅၀,၀၀၀ ရယူပါ

- စာမျက်နှာတစ်ဖောင် (၄ မျက်နှာ) တိုးသော်လည်း ဈေးနှုန်းတိုးမြှင့်ထားခြင်းမရှိပါ။
- ကားလင်းဖလားဆီမီးပွဲစဉ် ၂ ပွဲမှာ ဘယ်အသင်းတွေအောင်ပွဲခံနိုင်မှာလဲ။
- မန်ယူစာမျက်နှာအပြင် အာဆင်နယ်ပရိသတ်များအတွက်ပါတင်ဆက်လိုက်တဲ့ Gunners' Column ။
- ပရီမီယာ လိဂ် ဂိုးသွင်းဘုရင် ၅ ဦးရဲ့ မှတ်မှတ်ရရဖြစ်ရပ်အချို့။
- လတ်ဆတ်သစ်လွင်တဲ့ ဘောလုံးသတင်းစုံနဲ့ ရသအဖုံဖုံပေးနိုင်တဲ့ဆောင်းပါးများ။
- အပတ်စဉ်တင်ဆက်နေကျကျော်ကြားသူများရဲ့ Sports Fashion ကဏ္ဍနဲ့ ဘောလုံးကမ္ဘာပြင်ပက အားကစားနည်းအမျိုးမျိုးတို့ရဲ့ Trend Sporting ကဏ္ဍများနဲ့အတူ အပတ်စဉ်အင်္ဂါနေ့တိုင်းထွက်ရှိနေပါပြီ•••

ဖြန့်ချိရေး - မိုးကောင်းကင်စာပေ၊ ဖုန်း - ၂၅၃၂၅၅

ပြင်ဆင်ဖတ်ရှုပါရန်

၁-၁-၂၀၀၈ရက်ထုတ် သတင်းစာ စာမျက်နှာ-၁၃ပါ ဗိုလ်ကောင်းမြတ်စိုးနှင့် မသီရိမောင်မောင်တို့၏ စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာတွင် ဗိုလ်ကြီး စိုးချမ်းငြိမ်း M.B.,B.S,1st Year, M.Med.Sc (Orthopaedic)ဟုလည်းကောင်း၊အောင်ဘိသိက်သွန်းမန္တန်ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

အမြန်ဝယ်ယူလိုသည်။

ပဲခူးတိုင်း-မန္တလေးတိုင်း-စစ်ကိုင်းတိုင်း အတွင်းရှိ စီမံကိန်းများတွင်အသုံးပြုပြီး သောဆီလှော်ကန်များဝယ်ယူလိုပါသည်။

ဆက်သွယ်ရန်

ဖုန်း -၀၉-၅၁၁-၉၂၁၄

ရိရိဌေး
အမြန်ပြန်လာပါ။
အားလုံးတာဝန်ယူပါသည်။
ဝင်းထိန်။

သွားချင်တဲ့ ခရီး ကိုသွား ငှားချင်တဲ့ ကား ကိုငှား

TOP 243363 705877

ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
van, saloon ကားများငှားရန်ရှိသည်။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်အောင်အောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မကန(နိုင်)၀၉၁၅၂၉ ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အပြီးအပိုင် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

ဒေါက်တာစောနောင်ဦး-
ဒေါ်ခင်စိုးမြင့်
၉/မကန(နိုင်)၀၅၅၈၅၁၊
၉/မကန(နိုင်)၀၁၆၅၀၄။

ဦးခင်မောင်အေး ၁၃/တကန(နိုင်)၀၆၈၅၁၂ သိစေရန်ကြော်ငြာ

ရပ်စောက်မြို့နယ် ပင်ဖြစ်စံပြကျေးရွာ အမှတ်(၆/၁)နေ ဒေါ်တူလ်ဆီးဒေဝီ ၁၃/ရစန(နိုင်)၀၄၈၂၇၄ထံမှ ၁၅-၈-၂၀၀၇ရက်က ရယူသွားခဲ့သည့် ငွေကျပ် ၂၁သိန်းကို ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း မပျက်မကွက် လာရောက်ပေးဆပ်ပါရန်နှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် လာရောက်ပေးဆပ်ခြင်းမပြုပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း သတိပေးကြော်ငြာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းယဉ်ဝေလွင်နှင့် ဒေါ်နန်းကလျာဝန်း
အထက်တန်းရှေ့နေများ
မြမြင့်မိုရ်ရှေ့နေရုံးခန်း(၂)၊ အခန်း(၄)၊ အမှတ်၆၊ ဘုရင့်နောင်လမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့၊
တယ်လီဖုန်းအမှတ်- ၀၉-၅၂-၁၀၉၆၉။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၇

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်း လိုသောကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများနေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

အမည်ပြည့်စွက်ခြင်း

ဦးသောင်းဒန် ၁၂/ဗဟန(နိုင်)၀၀၀၂၃၇အား ဦးသောင်းဒန်(ခ)ဦးရန်နိုင် ၁၂/ဗဟန(နိုင်)၀၀၀၂၃၇ဟု ဖြည့်စွက်ခေါ်ပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း လှိုင်မြို့နယ် ပါရမီလမ်း တက္ကသိုလ်ဆရာများရိပ်သာ အမှတ်(၁)နေ ဒေါ်တင်လေးနွယ် မှတ်ပုံတင်အမှတ် ၁၂/ကတတ(နိုင်)၀၀၈၉၃၂ နှင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် သစ်ယာလမ်း အမှတ်၂၀နေ ဒေါ်ညိုညိုဌေး(ခ)မတင်မြတ်နွယ် မှတ်ပုံတင်အမှတ် ၁၂/လမတ(နိုင်)၀၁၆၇၄၇ တို့နှစ်ဦးပူးတွဲ၍ အမည်ပေါက်ပိုင်ဆိုင်သော မော်လမြိုင်မြို့ အုပ်စု(၁၁) အကွက်အမှတ် ၈၉၊ ဈေးကြိုရပ်ကွက်၊ ဦးပိုင်အမှတ် (၅၁/က)၊ မြေဧရိယာ ၀ ဒသမ ၇၅၆ဧကရှိ မြေကွက်အား ဒေါ်တင်လေးနွယ်နှင့် ဒေါ်ညိုညိုဌေး(ခ) ဒေါ်တင်မြတ်နွယ်တို့ထံမှ ၎င်းတို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးမျိုးသွင် ၁၂/ဗဟန(နိုင်)၀၇၂၄၃၄ မှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ဦးမျိုးသွင်အား စရန်ငွေ ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်သိန်း(LL.B)	**ဦးကိုဝင်း (B.Sc., R.L)**
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၉၈၈)	**အထက်တန်းရှေ့နေ (၂၁၉၅၈)**

လိပ်စာ-အခန်း(၁၁)၊ တိုက်(၈၃)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း

ယာဉ်အမှတ် ကကရ/၁၆၄၈ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် မှတ်ပုံတင်အမှတ် ၃/ဘအန(နိုင်)၀၂၄၁၇၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ (ဘားအံမြို့)။

၃-၁-၂၀၀၈ ရက်တွင် ကြေးမုံသတင်းစာပါ ဦးကျော်စွာထက်ဦး ၁၂/မဂဒ(နိုင်)၀၀၆၃၄၇၏ လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးမြင့်ဦး၏ ကြော်ငြာချက်ပါ ဖော်ပြချက်များ မမှန်ကြောင်း ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၇ ရပ်ကွက် အမှတ် ၁၆ ဗဟိုလမ်းနေ ဦးမျိုးကျော်ဇော ၁၀/မလမ(နိုင်)၀၀၀၄၀၇၊ Dr.KMM Co.,Ltd.၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမျိုးကျော်ဇောနှင့် ဦးကျော်စွာထက်ဦးတို့သည် နှစ်ဦးသဘောတူ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး စင်ကာပူနိုင်ငံမှ ပိုးသတ်ဆေးဖျန်းစက် (Super Hawk (or) Swing Fog) အလုံး ၃၀ မှာယူတင်သွင်းရန် ဦးကျော်စွာထက်ဦးမှ ရှယ်ယာငွေကျပ် ၁၃၀၀၀၀၀ (ကျပ်တစ်ဆယ့်သုံးသိန်းတိတိ)ကို ဦးမျိုးကျော်ဇောထံ ပေးအပ်ပြီးနောက် ထိုလုပ်ငန်းကို ဆက်လက် မလုပ်ကိုင်နိုင်တော့ကြောင်း ဦးကျော်စွာထက်ဦးက ပြောဆိုလာသဖြင့် ၎င်းထည့်ဝင်ထားသော ရှယ်ယာငွေကျပ် ၁၃၀၀၀၀၀ (ကျပ်တစ်ဆယ့်သုံးသိန်းတိတိ)ကို ၁၅-၁၂-၂၀၀၇ရက်တွင် အပြီးပြန်လည်ထုတ်ပေးခဲ့ပြီး ဖြစ်ပါလျက် ဦးမျိုးကျော်ဇော၏ ဂုဏ်သိက္ခာကျဆင်းအောင် မမှန်မကန်ကြေညာချက်အား ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ပါသည်။ ပျက်ကွက်ပါက ၎င်း၏မရိုးသားမှုအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမျိုးကျော်ဇော၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်အောင်ထွန်း
တရားရုံးချုပ်ရှေ့နေ
အမှတ်၇၃၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒေါ်ခင်အေးဝင်း
အလယ်တန်းပြ အထကခွဲ (ဆည်တော်)

မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၈-၁-၂၀၀၈ရက်တွင် (၁)နှစ်ပြည့်သော်လည်း အစဉ်အမြဲ သတိရအောက်မေ့လျက် ရှိနေကြပါတယ်။ မိသားစုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေလို့ ဆုတောင်းအမျှပေးဝေပါတယ်။

ခင်ပွန်း- ဒုတိယဗိုလ်မှူးကြီး အောင်ဌေး၊
သား- မောင်ရဲမာန်အောင်၊
သမီး- မအိမ့်ရတနာအောင်။

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

သင်တန်းတပ်ခွဲများ ချီတက်အလေးပြု

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား သင်တန်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိုးထိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

အေးစိမ့်စိမ့်

ဟားခါး	–၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၄ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး